မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

**အမှတ် ၃၃ ]** ရန်ကုန်မြို့ { ၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၄ ရက် ( ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက် ) } **သောကြာနေ့ [ အတွဲ ၆၈**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၆၆/၂၀၁၅)**

၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၆ ရက်

( ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၇ ရက် )

**စီမံကိန်းရပ်စဲကြောင်း ကြေညာခြင်း**

၁။ ရန်ကုန်မြို့အား ခေတ်မီမြို့တော်အဖြစ် တည်ဆောက်ရာတွင် မြို့ပြစည်ပင်ဖွံ့ဖြိုးမှုလုပ်ငန်းများကို အထောက်အကူပြုရန် ရည်ရွယ်၍ ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် ဆက်လက်အသုံးပြုရန် အစီအစဉ်မရှိတော့သည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်ရှိ ယခင်နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်နှင့် အမှတ် (၁) မော်တော်ယာဉ်တပ်ရင်းနေရာဟောင်းတို့အား ဖွံ့ဖြိုးမှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် တင်ဒါခေါ်ယူခဲ့ရာ အောက်ပါကုမ္ပဏီများမှ တင်ဒါအောင်မြင်ခဲ့ပါသည် -

(က) ရွှေတောင်ဖွံ့ဖြိုးမှုကုမ္ပဏီလီမိတက်

(ခ) Adventure Myanmar Tours and Incentives Co., Ltd.

(ဂ) သုခရတနာကုမ္ပဏီလီမိတက်

(ဃ) Marga Landmark Development Co., Ltd.

၂။ အထက်ပါ တင်ဒါအောင်မြင်ခဲ့သည့်ကုမ္ပဏီများက ကုမ္ပဏီအလိုက် နိုင်ငံတကာအဆင့်မီ ဟိုတယ်များ၊ Service Apartment များ၊ ကုန်တိုက်ကြီးများ၊ စီးပွားရေးလုပ်ငန်းဌာနများ၊ လူနေအိမ်ခန်းအဆောက်အဦများနှင့် ရုံးအဆောက်အဦများ ပါဝင်သည့် စီမံကိန်းများ ရေးဆွဲ၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ အဆိုပြုချက်များ တင်ပြခဲ့ရာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ၊ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေများနှင့်အညီ စိစစ်ကာ ခွင့်ပြုမိန့်များ ထုတ်ပေးခဲ့ပါသည်။

၃။ ဤသို့ ခွင့်ပြုမိန့်များ ထုတ်ပေးပြီးနောက် စီမံကိန်းများ အကောင်အထည်ဖော်မှုကြောင့် ရွှေတိဂုံစေတီတော်ကြီးအား ထိခိုက်မှုရှိမည်ကို ရဟန်းရှင်လူပြည်သူအချို့ စိုးရိမ်ပူပန်လာခြင်း၊ ပညာရှင်အချို့က ပညာရပ်ပိုင်းဆိုင်ရာသုံးသပ်ချက်များကို နိုင်ငံတော်သမ္မတထံ ပေးပို့အကြံပြုခြင်း၊ စိုးရိမ်ပူပန်သူအချို့က

စီမံကိန်းရပ်ဆိုင်းပေးရန် နိုင်ငံတော်သမ္မတထံသို့ မေတ္တာရပ်ခံလာခြင်း စသည့်အခြေအနေများကြောင့်လည်းကောင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ကလည်း စီမံကိန်းအား ဆက်လက်ဆောင်ရွက်ရန်မသင့်ကြောင်း သုံးသပ်တင်ပြချက်အရလည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနကလည်း စီမံကိန်းများရပ်ဆိုင်းပေးပါရန် တင်ပြချက်အရလည်းကောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ရွှေတိဂုံစေတီတော်အပါအဝင် သိင်္ဂုတ္တရကုန်းတော်ရှိ စေတီပုထိုးများ၊ သာသနိကအဆောက်အအုံများ၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်အဆောက်အအုံများအား မည်သည့်အကြောင်းကြောင့်မျှ ထိခိုက်မှုမဖြစ်ပေါ်ရေး ဦးစားပေးဆောင်ရွက်ရန် လိုလားခြင်းကြောင့်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံသူများနှင့် ညှိနှိုင်းရာတွင် ၎င်းတို့ကလည်းလိုလားစွာ လက်ခံခြင်းကြောင့်လည်းကောင်း၊ နှစ်ဦးနှစ်ဖက်သဘောတူညီချက်ဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့နယ်ရှိ ယခင်နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်နှင့် အမှတ် (၁) မော်တော်ယာဉ်တပ်ရင်းနေရာဟောင်းတို့တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းအားလုံးကို ဤအမိန့်ကြော်ငြာစာ ထုတ်ပြန်သည့်နေ့မှစတင်၍ အပြီးသတ်ရပ်ဆိုင်းလိုက်သည်။

၄။ ဤသို့ စီမံကိန်းအား အပြီးသတ်ရပ်ဆိုင်းလိုက်ခြင်းကြောင့် စီမံကိန်းတွင် ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်လျက်ရှိကြသည့် ရင်းနှီးမြှုပ်နှံသူများ ထိခိုက်နစ်နာမှုမရှိစေရေးအတွက် နိုင်ငံတော်အစိုးရ၏ အစီအစဉ်ဖြင့်ဆက်လက်ညှိနှိုင်း ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုလွှတ်တော်ရုံး
# အမိန့်ကြော်ငြာစာအမှတ် (၇၃/၂၀၁၅)

၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၃ ရက်
( ၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၉ ရက် )

## ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း

ပြည်သူ့လွှတ်တော်၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီမှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း**အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို
# တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ (မူကြမ်း)
# ( ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။ )

၁၃၇၇ ခုနှစ်၊ လ ရက်
( ၂၀၁၅ ခုနှစ်၊ လ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

၁။ ဤဥပဒေကို **ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ**ဟု ခေါ်တွင် စေရမည်။

၂။ ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၂၉၊ ပုဒ်မခွဲ (ခ) တွင် ပါရှိသော **"ရွေးကောက်ပွဲဆိုင်ရာပါတီစည်းရုံးရေးလုပ်ငန်း"** ဆိုသည့် စကားရပ်ကို **"ရွေးကောက်ပွဲဆိုင်ရာစည်းရုံးရေးလုပ်ငန်း"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး
## အမိန့်ကြော်ငြာစာအမှတ် (၇၄/၂၀၁၅)

၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၃ ရက်
( ၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၉ ရက် )

## နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို
## တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း

ပြည်သူ့လွှတ်တော်၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီမှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း** အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို
# တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ (မူကြမ်း)
# ( ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။ )

၁၃၇၇ ခုနှစ်၊ လ ရက်
( ၂၀၁၅ ခုနှစ်၊ လ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

၁။ ဤဥပဒေကို **နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေပုဒ်မ ၁၁ တွင် ပါရှိသော **"ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေးလုပ်ငန်း"** ဆိုသည့် စကားရပ်ကို **"ရွေးကောက်ပွဲဆိုင်ရာစည်းရုံးရေးလုပ်ငန်း"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး

### အမိန့်ကြော်ငြာစာအမှတ် (၇၅/၂၀၁၅)

၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၉ ရက်

( ၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၅ ရက် )

### ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ ထုတ်ပြန်ကြေညာခြင်း

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ** (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၅။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

## ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ
## ( ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၅။ )

၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၉ ရက်

( ၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၅ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ဇ) တွင် ပါရှိသော "ပြည်ထောင်စုရာထူးဝန်အဖွဲ့တို့ကိုလည်းကောင်း၊" ဆိုသည့် စကားရပ်၏နောက်တွင် "ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဋ္ဌာန်း၍ အဆိုပါဥပဒေတွင် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းအဖြစ် သတ်မှတ်ဖွဲ့စည်းသည့် နိုင်ငံတော်အဆင့် သို့မဟုတ် ဗဟိုအဆင့် အဖွဲ့အစည်းများကိုလည်းကောင်း၊" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၃။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ည) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ည) **လွှတ်တော်ရုံး**ဆိုသည်မှာ အမျိုးသားလွှတ်တော်၏ ရုံးလုပ်ငန်းနှင့် အုပ်ချုပ်မှုကိစ္စအဝဝတို့ကို ကြီးကြပ်ဆောင်ရွက်ရန် ဖွဲ့စည်းထားသောရုံးကို ဆိုသည်။"

၄။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၄ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၄။ လွှတ်တော်၏သက်တမ်းသည် ပြည်သူ့လွှတ်တော်၏ သက်တမ်းနှင့်အညီဖြစ်သည်။ ပြည်သူ့လွှတ်တော်၏ သက်တမ်းကုန်ဆုံးသောနေ့တွင် လွှတ်တော်၏သက်တမ်းသည်လည်း ကုန်ဆုံးသည်။"

၅။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ (ည) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ည) လွှတ်တော်အစည်းအဝေးသို့ တက်ရောက်လေ့လာလိုသော ပြည်သူများအား ဥက္ကဋ္ဌ၏ သဘောတူညီချက်ဖြင့် ဖိတ်ကြားခြင်း။"

၆။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၁၂၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၂) တွင် ပါရှိသော "တရားရုံးတစ်ခုခုက" ဆိုသည့် စကားရပ်ကို "တရားရုံး သို့မဟုတ် စုံစမ်းစစ်ဆေးမှုတစ်ခုခုက" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၁၃ တွင် ပါရှိသော "နယ်မြေဒေသခံ ပြည်သူများနှင့် ညှိနှိုင်းပြီး သတ်မှတ်ချက်များနှင့်အညီ" ဆိုသည့် စကားရပ်ကို "ဥပဒေနှင့်အညီ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၈။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၁၇ မှ ပုဒ်မ ၁၉ အထိ သက်ဆိုင်သော "တာဝန်ထမ်းဆောင်ခြင်း" ဆိုသည့် ခေါင်းစဉ်ကို "တာဝန်ထမ်းဆောင်ခြင်းနှင့် နုတ်ထွက်ခြင်း" ဆိုသည့် ခေါင်းစဉ်ဖြင့် အစားထိုးရမည်။

၉။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၁၇ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၇။ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့သည် နောက်တစ်ကြိမ် လွှတ်တော်သက်တမ်း ပထမပုံမှန်အစည်းအဝေး စတင်မကျင်းပမီအချိန်အထိ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်ရမည်။"

၁၀။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၃၄ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၃၄။ (က) လွှတ်တော်သက်တမ်း စတင်သည့်နေ့ရက်သည် ပြည်သူ့လွှတ်တော် သက်တမ်းစတင်သည့်နေ့ရက်ဖြစ်သည်။

(ခ) လွှတ်တော်၏ ပထမပုံမှန်အစည်းအဝေးကို ယင်းလွှတ်တော်၏ သက်တမ်းစတင်သည့်နေ့မှ ခုနစ်ရက်အတွင်း ကျင်းပရမည်။"

၁၁။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၃၈ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၃၈။ (က) လွှတ်တော်သက်တမ်းတစ်ရပ်၏ ပထမပုံမှန်အစည်းအဝေးသို့ တက်ရောက်လာသော လွှတ်တော်ကိုယ်စားလှယ်များအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပေးသည့် အသိအမှတ်ပြုလွှာဖြင့် စိစစ်အတည်ပြုရန် လွှတ်တော်က လွှတ်တော်အခွင့်အရေးကော်မတီ

မဖွဲ့စည်းရသေးမီ ဥက္ကဋ္ဌသည် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီတစ်ရပ်ကို သင့်လျော်သောနိုင်ငံသားများဖြင့် ဖွဲ့စည်းရမည်။

(ခ) လွှတ်တော်အခွင့်အရေးကော်မတီ ဖွဲ့စည်းပြီးချိန်မှစ၍ ယင်းကော်မတီသည် လွှတ်တော်သက်တမ်းအတွင်း ဆက်လက်ကျင်းပသည့် လွှတ်တော်အစည်းအဝေးများသို့ တက်ရောက်လာသော လွှတ်တော်ကိုယ်စားလှယ်များအား စိစစ်၍ အတည်ပြုရမည်။"

၁၂။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၄၇ နှင့် ပုဒ်မ ၄၈ တို့တွင် ပါရှိသော "အခြားဘာသာသာသနာကို ပုတ်ခတ်ပြောဆိုခြင်း" ဆိုသည့် စကားရပ်များကို "ဘာသာသာသနာကို ပုတ်ခတ်ပြောဆိုခြင်း" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၁၃။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၅၀ ၏ ခြေဆင်းကို အောက်ပါအတိုင်း အစားထိုးရမည် -

"၅၀။ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များသည် -"

၁၄။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၆၃ နှင့် ပုဒ်မ ၆၆ တို့တွင် ပါရှိသော "အမျိုးသားလွှတ်တော်ရုံး" ဆိုသည့် စကားရပ်များကို "လွှတ်တော်ရုံး" ဆိုသည့် စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၇၆/၂၀၁၅)

၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၉ ရက်
( ၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၅ ရက် )

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကို ပြင်ဆင်သည့်ဥပဒေကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေကို ပြင်ဆင်သည့်ဥပဒေ ထုတ်ပြန်ကြေညာခြင်း

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကို ပြင်ဆင်သည့်ဥပဒေကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေကို ပြင်ဆင်သည့်ဥပဒေ** (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၆။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကို ပြင်ဆင်သည့်ဥပဒေကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေကို ပြင်ဆင်သည့်ဥပဒေ

**( ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၆။ )**

၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၉ ရက်

( ၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၅ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကို ပြင်ဆင်သည့်ဥပဒေကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကို ပြင်ဆင်သည့် ဥပဒေကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပသည့်နေ့ရက်တွင် အသက် ၁၈ နှစ်ပြည့်ပြီးဖြစ်သည့် နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူတိုင်းသည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ဆန္ဒမဲပေးခွင့်ရှိသည်။ ယင်းဆန္ဒမဲပေးခွင့်ရှိသူတိုင်းကို မဲစာရင်းတွင် ထည့်သွင်းရမည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၇၇/၂၀၁၅)

၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၉ ရက်

( ၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၅ ရက် )

### အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ထုတ်ပြန်ကြေညာခြင်း

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ** (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၇။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

## **အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**
## **( ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၇။ )**

၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၉ ရက်
( ၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၅ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများအက်ဥပဒေပုဒ်မ ၉ နှင့် ပုဒ်မ ၂၃-က၊ ပုဒ်မခွဲ (၃) တို့ကို ပယ်ဖျက်ရမည်။

၃။ အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများအက်ဥပဒေပုဒ်မ ၄၃-က တွင် ပါရှိသော "not exceeding one month's imprisonment, or two hundred rupees fine, or both." ဆိုသည့် စကားရပ်ကို not exceeding three month's imprisonment, or three hundred thousand kyats fine, or both." ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## **ပြည်ထောင်စုလွှတ်တော်ရုံး**
### **အမိန့်ကြော်ငြာစာအမှတ် (၇၈/၂၀၁၅)**

၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၉ ရက်
( ၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၅ ရက် )

### **အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ** (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၈။) အား ပြည်ထောင်စုလွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ
# ( ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၈။ )

၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၉ ရက်
( ၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၅ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၂ တွင် -

(က) ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲ (ဆ)၊ ပုဒ်မခွဲ (ဓ)၊ ပုဒ်မခွဲ (ဘ)၊ ပုဒ်မခွဲ (ယ) နှင့် ပုဒ်မခွဲ (ဠ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဂ) **ကော်မရှင်**ဆိုသည်မှာ ဤဥပဒေပုဒ်မ ၅ အရ ဖွဲ့စည်းထားသည့် အမျိုးသားပညာရေး မူဝါဒကော်မရှင်ကို ဆိုသည်။

(ဆ) **အမျိုးသားပညာရေး**ဆိုသည်မှာ နိုင်ငံတော်ရှိ တိုင်းရင်းသားအားလုံး၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့နှင့် သမိုင်းအမွေအနှစ်များ၏ အနှစ်သာရများကို တန်ဖိုးထားထိန်းသိမ်းမြှင့်တင်နိုင်သော ဘက်စုံအတွေးအခေါ် အယူအဆမှန်ကန်၍ လွတ်လပ်စွာတွေးခေါ်နိုင်သည့် အကျင့်စာရိတ္တကောင်းမွန်သော လူ့စွမ်းအားအရင်းအမြစ်များကို ပြုစုပျိုးထောင်နိုင်ရန်နှင့် ခေတ်စနစ်၏ လိုအပ်ချက်နှင့်အညီ နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးသို့ ပို့ဆောင်နိုင်စွမ်းရှိသည့် ပညာရေးကို ဆိုသည်။

(ဓ) **အဆင့်မြင့်ပညာရေး**ဆိုသည်မှာ အခြေခံပညာရေး၏ အမြင့်ဆုံးအဆင့် သို့မဟုတ် ယင်းနှင့်တူညီသောအဆင့် အောင်မြင်ပြီးသူများကို အမျိုးသားပညာရေးမူဝါဒကော်မရှင်က အသိအမှတ်ပြုထားသည့် ကျောင်းတစ်ခုခုက လေ့ကျင့်သင်ကြားပေးသော ပညာရေးကို ဆိုသည်။

(ဘ) **အထူးပညာရေးအစီအစဉ်**ဆိုသည်မှာ မသန်စွမ်းသူများအတွက် အထူးအစီအစဉ်ဖြင့် သင်ကြားပေးနိုင်ရန် ကျောင်းများ တည်ထောင်ဖွင့်လှစ်၍ သင့်လျော်သောသင်ကြားနည်းစနစ်ဖြင့် ပညာသင်ကြားပေးခြင်းကို ဆိုသည်။

(ယ) **အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှုအကဲဖြတ်ကော်မတီ** ဆိုသည်မှာ နိုင်ငံတော်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ပညာရေးမူဝါဒများ၊ ပညာရေးစီမံကိန်းများ၊ ပညာရေးအမျိုးအစားများနှင့် ပညာရေးအဆင့်အသီးသီး၏ အရည်အသွေးအာမခံမှုကို အကဲဖြတ်ဆောင်ရွက်ရန် သက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ ပါဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းကို ဆိုသည်။

(ဠ) **တက္ကသိုလ်ကောင်စီ**ဆိုသည်မှာ သက်ဆိုင်ရာတက္ကသိုလ်၏ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ၎င်းတို့နှင့်အဆင့်တူညီသောပုဂ္ဂိုလ်များ၊ မဟာဌာနမှူးများ၊ ဌာနမှူးများ၊ ဘာသာရပ်ဆိုင်ရာပါမောက္ခများ၊ စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေးဆိုင်ရာတာဝန်ရှိသူများ၊ ဆရာများက ရွေးချယ်သောကိုယ်စားလှယ်များ၊ ကျောင်းသားများက ရွေးချယ်သော ကိုယ်စားလှယ်များ၊ အများယုံကြည်လေးစားသည့် ပုဂ္ဂိုလ်များနှင့် ကျွမ်းကျင်ပညာရှင်များ အပါအဝင် သက်ဆိုင်ရာတက္ကသိုလ်ပဋိညာဉ်စာတမ်းအရ ဖွဲ့စည်းသည့် ကောင်စီကို ဆိုသည်။"

(ခ) ပုဒ်မခွဲ (ရ) တွင် ပါရှိသော "အမျိုးသားပညာရေးကော်မရှင်က" ဆိုသည့် စကားရပ်ကို "အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီက" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဂ) ပုဒ်မခွဲ (ဠ) ၏နောက်တွင် ပုဒ်မခွဲ (အ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(အ) **လူတိုင်းအကျုံးဝင်ပညာရေး**ဆိုသည်မှာ မသန်စွမ်းသူများ အပါအဝင် အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ယူခွင့်မရရှိသူများကို ကျောင်းပညာရေး သို့မဟုတ် ကျောင်းပြင်ပပညာရေးတစ်ခုခုတွင် ပညာသင်ယူဆည်းပူးခွင့်ရှိစေရန် အခွင့်အလမ်းဖန်တီးပေးသည့် အစီအစဉ်ကို ဆိုသည်။"

၃။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (ဆ) ၏ နောက်တွင် ပုဒ်မခွဲ (ဇ) နှင့် ပုဒ်မခွဲ (ဈ) တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဇ) နိုင်ငံသားများ၏ မွေးရာပါအခွင့်အရေးဖြစ်သော ပညာသင်ယူခွင့်ကို နိုင်ငံသားတိုင်း ခံစားရရှိစေရန်၊

(ဈ) မဟာဗျူဟာများ၊ မူဝါဒများနှင့် ယင်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်မှု၊ စီမံချက်၊ ပညာရေးဖွံ့ဖြိုးမှုစီမံကိန်းများကိုလည်းကောင်း၊ ပညာရေးနှင့်သက်ဆိုင်သည့် ဥပဒေများ၊ အခြားလုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်သော သတင်းအချက်အလက်များကိုလည်းကောင်း ပြည်သူလူထုက သိရှိရယူနိုင်ရန်။"

၄။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၄ တွင် -

(က) ပုဒ်မခွဲ (က) ၏အထက်တွင် ပုဒ်မခွဲ (က)၊ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မခွဲ (ဂ) တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(က) နိုင်ငံတော်တွင် ဤဥပဒေနှင့် ပညာရေးဆိုင်ရာအခြားဥပဒေများနှင့်အညီ ပညာရေးလွတ်လပ်ခွင့်ရှိရေး၊

(ခ) ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသည် ပညာရေးမူဝါဒများ၊ ဆက်စပ်ဥပဒေများနှင့် နည်းဥပဒေများ ရေးဆွဲရာတွင် ကျွမ်းကျင်ပညာရှင်များ၊ ပညာရေးဆိုင်ရာအရပ်ဘက်အဖွဲ့အစည်းများ၊ မိဘများ၊ ဆရာများက ရွေးချယ်သော ကိုယ်စားလှယ်များနှင့် ကျောင်းသားများက ရွေးချယ်သော ကိုယ်စားလှယ်များ၏ အကြံပြုချက်များကို ရယူရေး၊

(ဂ) အဆင့်မြင့်ပညာကျောင်းများတွင် ဆရာသမဂ္ဂများနှင့် ကျောင်းသားသမဂ္ဂများကို သက်ဆိုင်ရာတက္ကသိုလ် ပဋိညာဉ်စာတမ်းနှင့်အညီ လွတ်လပ်စွာ ဖွဲ့စည်းတည်ထောင်လှုပ်ရှားခွင့်ရှိရေး၊"

(ခ) ပုဒ်မခွဲ (ဂ) ကို ပုဒ်မခွဲ (စ) အဖြစ် အောက်ပါအတိုင်း အစားထိုးရမည် -

"(စ) ကျောင်းနေအရွယ် ကလေးသူငယ်နှင့် လူငယ်အားလုံး ပညာသင်ယူခွင့်ရရှိရေးအတွက် မသန်စွမ်းသူ နိုင်ငံသားများ အပါအဝင် အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ယူနိုင်ခဲ့ခြင်းမရှိသူများကို ပညာရေးအဆင့်တိုင်းတွင် ပညာသင်ယူခွင့်ရရှိစေရန် အထူးပညာရေးအစီအစဉ်နှင့် ပညာရေးအထူးဝန်ဆောင်မှုအစီအစဉ်များ အပါအဝင် လူတိုင်းအကျုံးဝင်ပညာရေးအစီအစဉ်ထားရှိရေး၊"

(ဂ) ပုဒ်မခွဲ (ဇ) နှင့် ပုဒ်မခွဲ (ဈ) တို့ကို ပုဒ်မခွဲ (ဋ) နှင့် ပုဒ်မခွဲ (ဌ) တို့အဖြစ် အေက်ပါအတိုင်း အစားထိုးရမည် -

"(ဋ) တက္ကသိုလ်ဝင်ခွင့်အတွက် သင်ယူလိုသည့် ဘာသာရပ်နှင့် တက္ကသိုလ်ကို သင်ယူသူကိုယ်တိုင်ရွေးချယ်လျှောက်ထားခွင့်ရှိပြီး တက္ကသိုလ်ဝင်ခွင့်ကို အခြေခံပညာအထက်တန်း စာမေးပွဲရမှတ်ဖြင့်သာ စိစစ်ဆုံးဖြတ်ရွေးချယ်ခြင်းမဟုတ်ဘဲ တက်ရောက်လိုသည့် တက္ကသိုလ်၏ ပဋိညာဉ်စာတမ်းနှင့်အညီ စိစစ်ရွေးချယ်သည့်စနစ် ထားရှိရေး၊

(ဌ) ကျောင်းများတွင် ဘာသာရေးနှင့် နိုင်ငံရေးအဖွဲ့အစည်းများ၏ စွက်ဖက်မှုမှ ကင်းလွတ်စေရေး၊"

(ဃ) ပုဒ်မခွဲ (ဍ) ကို ပုဒ်မခွဲ (တ) အဖြစ် အောက်ပါအတိုင်း အစားထိုးရမည် -

"(တ) ဇဟိုချုပ်ကိုင်မှုလျှော့ချသည့် ပညာရေးစနစ်ကို ကျင့်သုံးရေး။"

(င) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲ (ဃ)၊ ပုဒ်မခွဲ (င)၊ ပုဒ်မခွဲ (စ)၊ ပုဒ်မခွဲ (ဆ)၊ ပုဒ်မခွဲ (ည)၊ ပုဒ်မခွဲ (ဋ) နှင့် ပုဒ်မခွဲ (ဌ) တို့ကို ပုဒ်မခွဲ (ဃ)၊ ပုဒ်မခွဲ (င)၊ ပုဒ်မခွဲ (ဆ)၊ ပုဒ်မခွဲ (ဇ)၊ ပုဒ်မခွဲ (ဈ)၊ ပုဒ်မခွဲ (ည)၊ ပုဒ်မခွဲ (ဍ)၊ ပုဒ်မခွဲ (ဎ) နှင့် ပုဒ်မခွဲ (ဏ) တို့အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

၅။ အမျိုးသားပညာရေးဥပဒေ၏ အခန်း (၄) ကို အောက်ပါအတိုင်း အစားထိုးရမည် -

**အခန်း (၄)**

**အမျိုးသားပညာရေးမူဝါဒကော်မရှင် ဖွဲ့စည်းခြင်းနှင့်**

**ကော်မရှင်၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

"၅။ (က) အစိုးရအဖွဲ့သည် အမျိုးသားပညာရေးမူဝါဒကော်မရှင်ကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(၁) နိုင်ငံတော်သမ္မတက ရွေးချယ်အဆိုပြုသည့် နိုင်ငံ့ဝန်ထမ်းမဟုတ်သော ပညာရှင် (၂) ဦး၊

(၂) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်ပေးသော ပညာရှင် (၁) ဦး၊

(၃) အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်ပေးသော ပညာရှင် (၁) ဦး၊

(၄) ဝန်ကြီးဌာနမှ ကိုယ်စားလှယ် (၂) ဦး၊

(၅) အခြေခံပညာရေးကဏ္ဍမှ ပညာရှင် (၂) ဦး၊

(၆) အဆင့်မြင့်ပညာရေးကဏ္ဍမှ ပညာရှင် (၅) ဦး၊

(၇) နည်းပညာနှင့်သက်မွေးပညာရေးကဏ္ဍမှ ပညာရှင် (၂) ဦး၊

(၈) ဆရာအတတ်သင်ပညာရေးကဏ္ဍမှ ပညာရှင် (၂) ဦး၊

(၉) လူတိုင်း အကျုံးဝင်ပညာရေးကဏ္ဍမှ ပညာရှင် (၁) ဦး၊

(၁၀) သင်ရိုးညွှန်းတမ်းပညာရှင် (၂) ဦး၊

(၁၁) ဥပဒေပညာရှင် (၁) ဦး။

(ခ) ကော်မရှင်၏ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ကို ကော်မရှင်အဖွဲ့ဝင်များက ရွေးကောက်တင်မြှောက်ရမည်။

(ဂ) ကော်မရှင်၏ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့၏ တာဝန်ကို ဝန်ကြီးဌာနမှ ကိုယ်စားလှယ်များအား ပေးအပ်၍ ကော်မရှင်၏ရုံးလုပ်ငန်းကိုပါ တာဝန်ခံဆောင်ရွက်စေရမည်။

(ဃ) အစိုးရအဖွဲ့သည် လိုအပ်ပါက ကော်မရှင်ကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

(င) ကော်မရှင်၏သက်တမ်းသည် သာမန်အားဖြင့် ငါးနှစ်ဖြစ်သည်။

၆။ ကော်မရှင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အမျိုးသားပညာရေးရည်မှန်းချက်များနှင့် ပညာရေးဆိုင်ရာမူဝါဒများ ချမှတ်ပေးခြင်း၊

(ခ) အမျိုးသားပညာရေးရည်မှန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လိုအပ်သော အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ၊ အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေး

အာမခံမှုအကဲဖြတ်ရေးကော်မတီ၊ ပုဒ်မ ၂၇ အရ ဖွဲ့စည်းသော ကော်မတီ၊ အခြားလိုအပ်သော ကော်မတီ၊ ကောင်စီနှင့် အဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊

(ဂ) ပညာရေးစနစ်နှင့် ပညာရေးဆိုင်ရာမူဝါဒများ၊ ပညာရေးဆိုင်ရာစီမံကိန်းများ အကောင်အထည်ဖော်မှုအပေါ် အကဲဖြတ်သုံးသပ်ခြင်းနှင့် အကြံပြုခြင်း၊

(ဃ) အရည်အသွေးအာမခံမှု စံချိန်စံညွှန်းများ သတ်မှတ်နိုင်ရန် မူဝါဒများ ချမှတ်ခြင်းနှင့် လမ်းညွှန်ခြင်း၊

(င) ပညာရေးကဏ္ဍအတွက် အစိုးရအဖွဲ့၊ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များထံမှ ငွေကြေးနှင့် အထောက်အပံ့များ ရရှိရန် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(စ) ပညာရေးကဏ္ဍအတွက် ပြည်တွင်းပြည်ပမှ ငွေကြေးနှင့် အထောက်အပံ့များ ရယူသုံးစွဲနိုင်ရန် အလို့ငှာ မူဝါဒချမှတ်ခြင်း၊

(ဆ) ကျောင်းများ ဖွင့်လှစ်ခြင်း၊ ဖွင့်လှစ်ခွင့်ရပ်ဆိုင်းခြင်းနှင့် ပိတ်သိမ်းခြင်းဆိုင်ရာမူဝါဒများ ချမှတ်ခြင်း၊

(ဇ) ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများက ပြုစုတင်ပြသော ပညာရေးဆိုင်ရာစီမံကိန်းများနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(ဈ) ကော်မရှင်သည် မိမိ၏လုပ်ငန်းဆောင်ရွက်ချက်များကို ပြည်ထောင်စုလွှတ်တော်နှင့် အစိုးရအဖွဲ့သို့ အနည်းဆုံး ခြောက်လ တစ်ကြိမ် အစီရင်ခံတင်ပြခြင်း။

၇။ ကော်မရှင်သည် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နှင့် သိပ္ပံများ၏ လွတ်လပ်သော ကိုယ်ပိုင်စီမံခန့်ခွဲမှုကို မထိခိုက်စေဘဲ မူဝါဒဆိုင်ရာကိစ္စရပ်များတွင်သာ ပေါင်းစပ်ဖြည့်ဆည်းပေးခြင်းဖြင့် ယင်းတို့၏ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရမည်။

၈။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မရှင်အဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့်စရိတ်ကို အစိုးရအဖွဲ့က သတ်မှတ်ပေးရမည်။

၉။ ကော်မရှင်နှင့်စပ်လျဉ်းသည့် ရုံးလုပ်ငန်းတာဝန်များကို ဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်ပေးရမည်။

၁၀။ ကော်မရှင်နှင့်စပ်လျဉ်းသည့် ကုန်ကျစရိတ်များကို ဝန်ကြီးဌာန၏ ဘဏ္ဍာရန်ပုံငွေမှ ကျခံစေရမည်။"

၆။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (ဂ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဂ) ပုဒ်မခွဲ (က) ပါ ပညာရေးအဆင့်တစ်ခုပြီးမြောက်မှုအတွက် သင်ယူတတ်မြောက်မှုအဆင့်ကို စစ်ဆေးအကဲဖြတ်ခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာပညာရေးဥပဒေ၏ နည်းဥပဒေများတွင် သတ်မှတ်ပြဋ္ဌာန်းရမည်။"

၇။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၂၀ တွင် -

(က) ပုဒ်မခွဲ (ဂ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဂ) နိုင်ငံတော်ရှိ တိုင်းရင်းသားအားလုံး၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့နှင့် သမိုင်းအမွေအနှစ်တို့၏ အနှစ်သာရများကို တန်ဖိုးထား၍ တိုင်းရင်းသားအားလုံးဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် လိုအပ်သော ဆရာများ မွေးထုတ်ပေးရမည်။"

(ခ) ပုဒ်မခွဲ (ဂ) ၏နောက်တွင် ပုဒ်မခွဲ (ဃ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဃ) မသန်စွမ်းသူများအား သင့်လျော်သည့် သင်ကြားရေးနည်းစနစ်များဖြင့် သင်ကြားပေးနိုင်မည့် ဆရာများ ပေါ်ထွန်းလာစေရန် စီမံကိန်းများ ချမှတ်ဆောင်ရွက်ရမည်။"

၈။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၂၁ တွင် -

(က) ပုဒ်မခွဲ (က) တွင် ပါရှိသော "မူလတန်းအဆင့်" ဆိုသည့် စကားရပ်ကို "အခြေခံပညာမူလတန်းအဆင့်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (ခ) တွင် ပါရှိသော "အလယ်တန်းအဆင့် အောင်မြင်ပြီးမြောက်သူများ တက်ရောက်နိုင်သော" ဆိုသည့် စကားရပ်ကို "အခြေခံပညာအလယ်တန်းအဆင့် အောင်မြင်ပြီးမြောက်သူများနှင့် ညီမျှသည့် အရည်အချင်းရှိသူများ တက်ရောက်နိုင်သော" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဂ) ပုဒ်မခွဲ (ဂ) တွင် ပါရှိသော "အခြေခံပညာအထက်တန်းအဆင့် အောင်မြင်ပြီးမြောက်သူများ တက်ရောက်နိုင်သော" ဆိုသည့် စကားရပ်ကို "အခြေခံပညာအထက်တန်းအဆင့် အောင်မြင်ပြီးမြောက်သူများနှင့် ညီမျှသည့် အရည်အချင်းရှိသူများ တက်ရောက်နိုင်သော" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၉။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၂၂ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၂၂။ ပုဒ်မ ၂၁ ပါ ပညာရေးအဆင့်များတွင် အပ်နှင်းမည့် ဒီပလိုမာနှင့် အောင်လက်မှတ်တို့၏ အမျိုးအစား၊ အဆင့်အတန်းတို့ကို အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီက စိစစ်ရမည်။"

၁၀။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၂၄ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၂၄။ နည်းပညာနှင့် သက်မွေးပညာရေးဆိုင်ရာကျောင်းများနှင့် သင်တန်းများကို ဤဥပဒေနှင့် ပညာရေးဆိုင်ရာ အခြားဥပဒေနှင့်အညီ စီမံခန့်ခွဲခွင့်ရှိသော ကျောင်းများနှင့် သင်တန်းများအဖြစ် ထူထောင်ရမည်။"

၁၁။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၂၇ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၂၇။ ကော်မရှင်သည် အဆင့်မြင့်ပညာရေးနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များကို လိုအပ်သလို ညှိနှိုင်းဆောင်ရွက်နိုင်ရန် သင့်လျော်သောပုဂ္ဂိုလ်များဖြင့် လွတ်လပ်စွာရပ်တည်သော ကော်မတီတစ်ခုကို ဖွဲ့စည်းပေးနိုင်သည်။"

၁၂။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၂၈ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၂၈။ အဆင့်မြင့်ပညာသင်ကြားရေးကို အကောင်အထည်ဖော်သည့် ကျောင်းများသည် -

(က) သုတေသနနှင့်ပညာရပ်ဖွံ့ဖြိုးမှုကို ဦးစားပေးဆောင်ရွက်ရမည်။

(ခ) တက္ကသိုလ်ဝင်ခွင့်အတွက် သင်ယူလိုသည့် ဘာသာရပ်နှင့် တက္ကသိုလ်ကို သင်ယူသူကိုယ်တိုင် ရွေးချယ်လျှောက်ထားခွင့်ရှိပြီး တက္ကသိုလ်ဝင်ခွင့်ကို အခြေခံပညာအထက်တန်းစာမေးပွဲ ရမှတ်ဖြင့်သာ ဆုံးဖြတ်ခြင်းမဟုတ်ဘဲ တက်ရောက်လိုသည့် တက္ကသိုလ်၏ ပဋိညာဉ်စာတမ်းနှင့် အညီ သတ်မှတ်ထားသော တက္ကသိုလ်ဝင်ခွင့်စနစ်ကို ကျင့်သုံးရမည်။

(ဂ) တက္ကသိုလ်၏ စီမံခန့်ခွဲရေးကို တက္ကသိုလ်ကောင်စီက တာဝန်ယူဆောင်ရွက်ရမည်။

(ဃ) အဆင့်မြင့်ပညာကျောင်းများသည် ပညာရေးဆိုင်ရာလုပ်ငန်းများကို လွတ်လပ်စွာ စီမံခန့်ခွဲခွင့် ရှိရမည်။"

၁၃။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၃၅ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၃၅။ ပြည်တွင်းပြည်ပမှ ဖွင့်လှစ်သော အခြေခံပညာရေးကျောင်း၊ သင်တန်းကျောင်း၊ နည်းပညာနှင့် သက်မွေးပညာရေးကျောင်း၊ အဆင့်မြင့်ပညာရေးအဆင့်အတန်းရှိသောကျောင်း၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နှင့် သိပ္ပံများသည် ဤဥပဒေ သို့မဟုတ် တည်ဆဲပညာရေးဥပဒေတစ်ရပ်ရပ်နှင့် ကိုက်ညီမှုရှိစေရမည်။"

၁၄။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၃၆ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၃၆။ ဤဥပဒေနှင့် ပညာရေးဆိုင်ရာအခြားဥပဒေများနှင့်အညီ တည်ထောင်ခွင့်ရရှိသော ကျောင်းများသည် မိမိကျောင်း၏ အဆင့်အတန်းအလိုက် သင်တန်းဆင်းလက်မှတ်၊ အောင်လက်မှတ်၊ ဒီပလိုမာနှင့် ဘွဲ့တို့ကို အပ်နှင်းပိုင်ခွင့်ရှိသည်။"

၁၅။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၃၇ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၃၇။ ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနတို့သည် -

(က) မသန်စွမ်းသူများအတွက် ပညာသင်ယူသည့်အဆင့်တိုင်းတွင် တန်းတူပညာသင်ကြားရေး၊ အထောက်အကူပြုကိရိယာများ ရရှိရေး၊ သင့်လျော်သောသင်ကြားနည်းစနစ်များ ညှိနှိုင်းစီစဉ်နိုင်ရေးနှင့် အတားအဆီးမရှိသော ကျောင်းပတ်ဝန်းကျင်ဖန်တီးနိုင်ရေးတို့ကို စီမံကိန်းရေးဆွဲဆောင်ရွက်ရမည်။

(ခ) အထူးပညာရေးအစီအစဉ်ဖြင့် သင်ကြားပေးသောကျောင်းများ ထူထောင်နိုင်ရန် စီစဉ်ပေးရမည်။ ပုဂ္ဂလိကလူမှုရေးအဖွဲ့အစည်းနှင့် မသန်စွမ်းအသင်းအဖွဲ့များက ယင်းကျောင်းများ ဖွင့်လှစ်လိုကြောင်း တင်ပြလာလျှင် ဤဥပဒေနှင့် ပညာရေးဆိုင်ရာအခြားဥပဒေများနှင့်အညီ စိစစ်ခွင့်ပြုနိုင်သည်။"

၁၆။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၃၈ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၃၈။ ဝန်ကြီးဌာနနှင့် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များသည် -

(က) ရွှေ့ပြောင်းလုပ်သားများ၏ သားသမီးများနှင့် မိသားစုဝင်များအတွက် အခမဲ့ မသင်မနေရ အခြေခံပညာမူလတန်းအဆင့် ပညာရေးပြီးမြောက်စေရေးနှင့် အဆင့်ဆင့်တိုးချဲ့ အကောင်အထည်ဖော်ဆောင်နိုင်ရေးတို့အတွက် ရွှေ့လျားကျောင်းများ တည်ထောင်နိုင်ရန် စီစဉ်ပေးရမည်။

(ခ) ဖွံ့ဖြိုးတိုးတက်မှုနည်းပါးသော၊ နယ်မြေအေးချမ်းမှုမရှိသော၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲသောဒေသများနှင့် သဘာဝဘေးအန္တရာယ်ကြုံတွေ့နေရသော ဒေသများအတွက် အရေးပေါ်ယာယီကျောင်းများ ဖွင့်လှစ်သင်ကြားပေးသည့် ပညာရေးအထူးဝန်ဆောင်မှုကို စီစဉ်ပေးရမည်။

(ဂ) ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) တို့ကို ဆောင်ရွက်ရာတွင် လိုအပ်ပါက အခြားအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်သည်။"

၁၇။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၃၉ နှင့် ပုဒ်မ ၄၁၊ ပုဒ်မခွဲ (က) တို့တွင် ပါရှိသော "ကော်မရှင်" ဆိုသည့် စကားရပ်ကို "ကော်မရှင်က ဖွဲ့စည်းပေးသော အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၈။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၃၉ တွင် -

(က) ပုဒ်မခွဲ (ဆ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဆ) သင်ရိုးညွှန်းတမ်းစံကို အခြေခံ၍ သင်ရိုးညွှန်းတမ်းဖွံ့ဖြိုးမှုကို တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဆောင်ရွက်နိုင်ခွင့်ရှိရေး၊"

(ခ) ပုဒ်မခွဲ (ဇ) ၏နောက်တွင် ပုဒ်မခွဲ (ဈ) နှင့် ပုဒ်မခွဲ (ည) တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဈ) သင်ယူသူများ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုကို မဏ္ဍိုင်ထားသော သင်ရိုးညွှန်းတမ်းနှင့် သင်ကြားနည်းစနစ်များဖြစ်စေရေးနှင့် သင်ယူသူ၏ အသက်အရွယ် သဘာဝနှင့် ကိုက်ညီမှုရှိစေရေး၊

(ည) ရှေးဦးအရွယ်ကလေးသူငယ်ပညာရေး၊ မူလတန်း၊ အလယ်တန်း၊ အထက်တန်း သင်ရိုးညွှန်းတမ်းများသည် တစ်ခုနှင့်တစ်ခု ဆက်စပ်မှုရှိစေရေး၊"

၁၉။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၄၀ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၄၀။ ကော်မရှင်သည် အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီကို သင့်လျော်သောကျွမ်းကျင်ပညာရှင်များဖြင့် ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးရမည်။"

၂၀။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၄၁၊ ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"( ခ ) မသန်စွမ်းသူများအတွက် သင်ကြားရမည့် အထူးပညာရေးအစီအစဉ်၏ သင်ရိုးညွှန်းတမ်းကို သက်ဆိုင်ရာပညာရေးနယ်ပယ်အသီးသီးမှ ပညာရှင်များနှင့် ညှိနှိုင်းအတည်ပြုပြဋ္ဌာန်းပေးရမည်။"

၂၁။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၄၂၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က) အစိုးရကျောင်းများနှင့် အခြားကျောင်းများ အပြန်အလှန်ဆက်သွယ်ကူးပြောင်း သင်ကြားနိုင်ရေးအတွက် သတ်မှတ်ချက်များနှင့်အညီ ကူညီဆောင်ရွက်ရမည်။"

၂၂။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၄၃၊ ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"( ခ ) အခြေခံပညာအဆင့်တွင် တိုင်းရင်းသားဘာသာစကားကို မြန်မာဘာသာစကားနှင့်အတူ စာသင်ခန်းသုံး ဘာသာစကားအဖြစ် တွဲဖက်အသုံးပြုနိုင်သည်။"

၂၃။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၄၉ တွင် ပုဒ်မခွဲ (က)၊ ပုဒ်မခွဲ (ဃ) နှင့် ပုဒ်မခွဲ (စ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က) ပညာရေးနှင့်စပ်လျဉ်း၍ ဤဥပဒေနှင့် ပညာရေးဆိုင်ရာအခြားဥပဒေများနှင့်အညီ ပံ့ပိုးကူညီရမည်။

(ဃ) ပညာထူးချွန်သူများ၊ ပညာသင်ယူရန် အခက်အခဲရှိသူများနှင့် မသန်စွမ်းသူများအတွက် ဆက်လက်ပညာသင်ယူနိုင်ရေးအစီအစဉ်ကို ဖော်ဆောင်ပေးရမည်။ ပြင်ပမှကူညီဆောင်ရွက်ခြင်းကို စိစစ်ခွင့်ပြုနိုင်သည်။

( စ ) ပညာရေးဆိုင်ရာစီမံခန့်ခွဲရေးကိစ္စများကို ဤဥပဒေနှင့် ပညာရေးဆိုင်ရာအခြားဥပဒေများနှင့်အညီ လွတ်လပ်စွာ စီမံခန့်ခွဲခွင့်ရှိစေရမည်။"

၂၄။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၅၀ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၅၀။ ဆရာများသည် -

(က) အမျိုးသားအကျိုးစီးပွားကို ထိခိုက်မှုမရှိစေဘဲ လွတ်လပ်စွာ သုတေသနပြုခွင့်ရှိရမည်။

( ခ ) သင်ယူမှုဖွံ့ဖြိုးရေးအတွက် သင်ရိုးညွှန်းတမ်းနှင့်ကိုက်ညီသော နည်းစနစ်များကို လွတ်လပ်စွာ ရွေးချယ်ခွင့်ရှိရမည်။

( ဂ ) သင်ကြားရေးအရည်အသွေးမြင့်မားရေးအတွက် ပြည်တွင်းပြည်ပတွင် ပညာဆက်လက်သင်ယူရန် အခွင့်အလမ်းရှိရမည်။

(ဃ) မိမိနှစ်သက်ရာကျောင်း သို့မဟုတ် ဒေသများကို လွတ်လပ်စွာလျှောက်ထားပိုင်ခွင့်ရှိရမည်။"

၂၅။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၅၃ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၅၃။ (က) ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသည် ဆရာများ၏ တာဝန်နှင့်အခွင့်အရေးများကို သတ်မှတ်ပေးရမည်။

(ခ) ပညာရေးအဆင့်အသီးသီးတွင် ဘာသာရပ်အားလုံးကို တန်ဖိုးထားပြီး သင်ကြားနေသော ဆရာများအကြား ခွဲခြားခြင်းမရှိစေရ။

(ဂ) ဆရာဖြစ်နိုင်ရေးအတွက် ဆီလျော်အပ်စပ်သောလုပ်ငန်းများတွင် မသန်စွမ်းမှုကို အကြောင်းပြု၍ ခွဲခြားခြင်းမရှိစေရ။"

၂၆။ အမျိုးသားပညာရေးဥပဒေ အခန်း ၁၁ ခေါင်းစဉ်ဖြစ်သော **"ပညာရေးစီမံခန့်ခွဲမှုနှင့်ကြီးကြပ်မှု"** ဆိုသည့် စကားရပ်ကို **"ပညာရေးစီမံခန့်ခွဲမှု"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၂၇။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၅၆။ (က) ဝန်ကြီးဌာန၊ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ပုဒ်မ ၂၇ အရ ဖွဲ့စည်းသော ကော်မတီတို့သည် သက်ဆိုင်ရာအဆင့်မြင့်ပညာကျောင်းများကို ဤဥပဒေနှင့် ပညာရေးဆိုင်ရာအခြားဥပဒေများနှင့်အညီ စီမံခန့်ခွဲရမည်။"

၂၈။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၅၇ တွင် -

(က) ပုဒ်မခွဲ (ခ) နှင့် ပုဒ်မခွဲ (ဃ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ခ) ထူးခြားသောလုပ်ငန်းသဘာဝအရ အစိုးရအဖွဲ့၏ သီးခြားခွင့်ပြုချက်ဖြင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် သာသနာရေးဝန်ကြီးဌာနတို့က ထူထောင်ဖွင့်လှစ်ထားသည့် အဆင့်မြင့်ပညာကျောင်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများက ဥပဒေများနှင့်အညီ စီမံခန့်ခွဲရမည်။

(ဃ) ပုဒ်မခွဲ (ခ) ပါ အဆင့်မြင့်ပညာကျောင်းများမှအပ ကျန်အဆင့်မြင့်ပညာကျောင်းများတွင် မိမိတို့၏ သင်ကြားရေးနှင့်စီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် တက္ကသိုလ်ကောင်စီကို သက်ဆိုင်ရာတက္ကသိုလ်အသီးသီး၏ ပဋိညာဉ်စာတမ်းနှင့်အညီ ဖွဲ့စည်းခွင့်ပြုရမည်။"

(ခ) ပုဒ်မခွဲ (ဂ) တွင် ပါရှိသော "အဆင့်မြင့်ပညာပေါင်းစပ်ညှိနှိုင်းရေးကော်မတီ" ဆိုသည့် စကားရပ်ကို "ပုဒ်မ ၂၇ အရ ဖွဲ့စည်းသောကော်မတီ" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "တက္ကသိုလ်နှင့် ကောလိပ်နှင့်သိပ္ပံများ" ဆိုသည့် စကားရပ်ကို "တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နှင့်သိပ္ပံများ" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၂၉။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၅၈ တွင် -

(က) ပုဒ်မခွဲ (ခ) နှင့် ပုဒ်မခွဲ (င) တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ခ) မဟာဗျူဟာများ၊ မူဝါဒများနှင့် ယင်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်မှုစီမံချက်၊ ပညာရေးဖွံ့ဖြိုးမှုစီမံကိန်းများ၊ ပညာရေးနှင့်သက်ဆိုင်သည့် ဥပဒေ၊ နည်းဥပဒေများနှင့် အခြားလုပ်ထုံးလုပ်နည်းများကို ရေးဆွဲရာတွင် မိဘပြည်သူများ၊ ကျွမ်းကျင်ပညာရှင်များ၊ ပညာရေးဆိုင်ရာလူထုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဆရာများက ရွေးချယ်ပေးသော ကိုယ်စားလှယ်များနှင့် ကျောင်းသားများက ရွေးချယ်ပေးသော ကိုယ်စားလှယ်များ၏ အကြံပြုချက်များကို ရယူပြီး ပြည်သူလူထုက ကျယ်ပြန့်စွာသိရှိစေရန် ဆက်လက်ဆောင်ရွက်ခြင်း၊

(င) ပညာရေးအတွက် လျာထားသည့် ရသုံးဘဏ္ဍာငွေများကို ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ အသုံးပြုစေခြင်း၊"

(ခ) ပုဒ်မခွဲ (စ) ၏နောက်တွင် ပုဒ်မခွဲ (ဆ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဆ) ပညာသင်ယူမှုမပြီးဆုံးမီ အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ယူမှု ရပ်တန့်ခဲ့ရသော ကျောင်းသားများအတွက် သင့်လျော်သော ပညာသင်ယူခွင့်တစ်ခုခု ပြန်လည်ရရှိစေရန် လိုအပ်သော အစီအမံများ သတ်မှတ်ထားရှိခြင်း၊"

(ဂ) ပုဒ်မခွဲ (ဆ) ကို ပယ်ဖျက်သည်။

၃၀။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၆၀ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၆၀။ ဝန်ကြီးဌာနသည် ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများအတွက် ကျွမ်းကျင်ပညာရှင်များ ပါဝင်သည့် ကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်းပေးရမည်။"

၃၁။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၆၂ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၆၂။ (က) နိုင်ငံတော်၏ ပညာရေးအသုံးစရိတ်ကို နိုင်ငံတော်အသုံးစရိတ်အားလုံး၏ ၂၀ ရာခိုင်နှုန်းအထိ ရောက်ရှိရေးအတွက် ရည်မှန်းချက်ထားရှိ ဆောင်ရွက်ရမည်။

(ခ) သက်ဆိုင်ရာကျောင်း သို့မဟုတ် ပညာရေးအဖွဲ့အစည်းသည် ပြည်တွင်းပြည်ပ ပုဂ္ဂိုလ် သို့မဟုတ် တရားဝင်အဖွဲ့အစည်းများ၏ ထောက်ပံ့လှူဒါန်းငွေ သို့မဟုတ် ပစ္စည်းများကို စိစစ်လက်ခံနိုင်သည်။"

၃၂။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၆၃ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၆၃။ သက်ဆိုင်ရာကျောင်း သို့မဟုတ် ပညာရေးအဖွဲ့အစည်းသည် -

(က) ဘဏ္ဍာငွေသုံးစွဲရာတွင် တည်ဆဲဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ သုံးစွဲပြီး စာရင်း ဇယားမှတ်တမ်းများကို အလှူရှင်နှင့် အများပြည်သူတို့ ထင်သာမြင်သာရှိစေရန် ဆောင်ရွက် ရမည်။

(ခ) ပုဒ်မ ၆၂၊ ပုဒ်မခွဲ (ခ) အရ လက်ခံရရှိသော ထောက်ပံ့လှူဒါန်းငွေ သို့မဟုတ် ပစ္စည်းများကို ပညာရေးကဏ္ဍဖွံ့ဖြိုးမှုအတွက် ထိရောက်စွာသုံးစွဲရမည်။

(ဂ) ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ စစ်ဆေးမှုကို ခံယူရမည်။"

၃၃။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၆၄ တွင် -

(က) ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ခ) တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များသည် ကိုယ်ပိုင်ရန်ပုံငွေရှာဖွေထူထောင် ဆောင်ရွက်ခွင့်ရှိသည်။"

(ခ) ပုဒ်မခွဲ (ခ) ၏နောက်တွင် ပုဒ်မခွဲ (ဂ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဂ) ပုဒ်မ ၅၇၊ ပုဒ်မခွဲ (ခ) တွင် ပါရှိသော အဆင့်မြင့်ပညာကျောင်းများမှအပ ကျန်တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များသည် မိမိတို့ကျောင်းများအတွက် နှစ်စဉ်ဘဏ္ဍာရန်ပုံငွေ လိုအပ်ချက်ကို ပညာရေးဝန်ကြီးဌာနသို့ တင်ပြရမည်။"

၃၄။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၆၅၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က) ကော်မရှင်သည် မိမိဖွဲ့စည်းထားသော ကော်မတီနှင့် အဖွဲ့များ၏ နှစ်စဉ်ဘဏ္ဍာရန်ပုံငွေ လိုအပ်ချက်ကို ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြ ရမည်။"

၃၅။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၆၆ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၆၆။ (က) ဤဥပဒေမပြဋ္ဌာန်းမီက တည်ရှိခဲ့သော ကျောင်းအားလုံးသည် ဤဥပဒေစတင်အာဏာ တည်သည့်နေ့မှ ငါးနှစ်ကာလအတွင်း ဤဥပဒေနှင့်အညီ စတင်ဆောင်ရွက်ပြီးဖြစ်ရမည်။

(ခ) အသွင်ကူးပြောင်းရေးကာလတွင် အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ယူခွင့် နစ်နာ ဆုံးရှုံးမှုရှိသူတိုင်း ဆက်လက်ပညာသင်ယူခွင့် ရှိစေရမည်။"

၃၆။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၆၈၊ ပုဒ်မခွဲ (ခ) တွင် ပါရှိသော "ပြည်တွင်းရှိ လူမှုရေး၊ ဘာသာရေး အသင်းအဖွဲ့များက" ဆိုသည့် စကားရပ်ကို "ပြည်တွင်းရှိ လူမှုရေးအဖွဲ့အစည်း၊ ဘာသာရေးအဖွဲ့အစည်း များက" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၇၉/၂၀၁၅)**

၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၃ ရက်

( ၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၉ ရက် )

**မော်တော်ယာဉ်ဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့မှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **မော်တော်ယာဉ် ဥပဒေကြမ်း**အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

## မော်တော်ယာဉ်ဥပဒေ (မူကြမ်း)

**( ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်   ။ )**

၁၃၇၆ ခုနှစ်၊        လ   ရက်

( ၂၀၁၅ ခုနှစ်၊        လ   ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)

### အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို မော်တော်ယာဉ်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက် စေရမည် -

(က) **မော်တော်ယာဉ်**ဆိုသည်မှာ စက်အားကိုဖြစ်စေ၊ လျှပ်စစ်အားကိုဖြစ်စေ၊ အခြားစွမ်းအင် တစ်မျိုးမျိုးကိုဖြစ်စေ အသုံးပြု၍ မောင်းနှင်သော ဘီးတပ်ယာဉ်ကို ဆိုသည်။

(ခ) **နောက်တွဲယာဉ်**ဆိုသည်မှာ မော်တော်ယာဉ်ဖြင့် ဆွဲသည့် သို့မဟုတ် ဆွဲရသည့် ယာဉ်တစ်ခုခုကို ဆိုသည်။

(ဂ) **လိုင်စင်ထုတ်ပေးသူအရာရှိ**ဆိုသည်မှာ ယာဉ်မောင်းလိုင်စင်ထုတ်ပေးရန် ဦးစီးဌာနက အာဏာအပ်နှင်းခြင်းခံရသည့် အရာရှိကို ဆိုသည်။

(ဃ) **မှတ်ပုံတင်အရာရှိ**ဆိုသည်မှာ မော်တော်ယာဉ်များကို မှတ်ပုံတင်ရန် ဦးစီးဌာနက အာဏာအပ်နှင်းခြင်းခံရသည့် အရာရှိကို ဆိုသည်။

(င) **မော်တော်ယာဉ်မှတ်ပုံတင်အထောက်အထား**ဆိုသည်မှာ မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်၏ အချက်အလက်များပါဝင်သော မော်တော်ယာဉ်မှတ်ပုံတင်ထားသူအား ထုတ်ပေးသည့် မှတ်တမ်းအထောက်အထားကို ဆိုသည်။

(စ) **မော်တော်ယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ်**ဆိုသည်မှာ မော်တော်ယာဉ်ကို မှတ်ပုံတင်ထားရှိကြောင်းနှင့် အများပြည်သူဆိုင်ရာနေရာတွင် မောင်းနှင်နိုင်ကြောင်း အသိအမှတ်ပြုထုတ်ပေးသော အထောက်အထားကို ဆိုသည်။

(ဆ) **မော်တော်ယာဉ်မှတ်ပုံတင်သူ**ဆိုသည်မှာ မော်တော်ယာဉ်မှတ်ပုံတင်မှတ်တမ်းတွင် မှတ်ပုံတင်ထားသူအဖြစ် အမည်ဖော်ပြထားသူကို ဆိုသည်။

(ဇ) **မော်တော်ယာဉ်ပိုင်ရှင်**ဆိုသည်မှာ မော်တော်ယာဉ်မှတ်ပုံတင်မှတ်တမ်းတွင် မှတ်ပုံတင်ထားသူအဖြစ် ဖော်ပြခြင်းခံရသူကို ဆိုသည်။ ယင်းစကားရပ်တွင် မော်တော်ယာဉ်လက်ရှိဖြစ်သူသည် အရွယ်မရောက်သေးသူဖြစ်လျှင် အဆိုပါ အရွယ်မရောက်သေးသူ၏ အုပ်ထိန်းသူ၊ ထို့ပြင် သဘောတူစာချုပ်အရ အဆိုပါမော်တော်ယာဉ်ကို လက်ရှိဖြစ်သူတို့လည်း ပါဝင်သည်။

(ဈ) **စီးပွားရေးလုပ်ငန်းသုံးမော်တော်ယာဉ်**ဆိုသည်မှာ လူ သို့မဟုတ် ကုန်စည်ကို အဖိုးအခရယူ၍ သယ်ယူပို့ဆောင်သော မော်တော်ယာဉ်ကို ဆိုသည်။

(ည) **မော်တော်ယာဉ်၏ အဓိကအစိတ်အပိုင်း**ဆိုသည်မှာ မော်တော်ယာဉ်၏ ရုပ်သဏ္ဌာန်၊ ကိုယ်ထည်၊ အင်ဂျင်၊ ဂီယာ၊ ဘောင်၊ ဝင်ရိုးကို ဆိုသည်။

(ဋ) **ဝန်တင်အား**ဆိုသည်မှာ မော်တော်ယာဉ်တွင် ဦးစီးဌာနက သတ်မှတ်တင်ဆောင်ခွင့်ပြုသည့် ကုန်အလေးချိန် သို့မဟုတ် ခရီးသည်အရေအတွက် သို့မဟုတ် ကုန်အလေးချိန်နှင့် ခရီးသည်အရေအတွက် စုစုပေါင်းကို ဆိုသည်။

(ဌ) **မော်တော်ယာဉ်စစ်ဆေးခြင်းပုဂ္ဂလိကလုပ်ငန်း**ဆိုသည်မှာ မော်တော်ယာဉ်စစ်ဆေးခြင်းလုပ်ငန်းကို သတ်မှတ်ချက်နှင့်အညီ လုပ်ကိုင်ခွင့်ရရှိသည့် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက် သို့မဟုတ် အဖွဲ့အစည်းက ဆောင်ရွက်သည့်လုပ်ငန်းကို ဆိုသည်။

(ဍ) **ယာဉ်စစ်ဆေးချက်သက်သေခံလက်မှတ်**ဆိုသည်မှာ မော်တော်ယာဉ်ကို စစ်ဆေး၍ မော်တော်ယာဉ်ကြံ့ခိုင်မှုရှိကြောင်း ထုတ်ပေးသော အထောက်အထားကို ဆိုသည်။

(ဎ) **မော်တော်ယာဉ်မှတ်ပုံတင်နံပါတ်ပြား**ဆိုသည်မှာ မော်တော်ယာဉ်၏ မှတ်ပုံတင်အမှတ်ကို ဖော်ပြလျက် မော်တော်ယာဉ်၏ အရှေ့နှင့်အနောက် သို့မဟုတ် သတ်မှတ်ထားသည့်နေရာများတွင် တပ်ဆင်အသုံးပြုရန် သတ်မှတ်ထားသည့် ပုံစံ၊ အရွယ်အစား၊ အရောင်များနှင့်အညီ ရိုက်နှိပ်ရေးသားထားသောအရာကို ဆိုသည်။

(ဏ) **အများပြည်သူဆိုင်ရာနေရာ**ဆိုသည်မှာ အများပြည်သူတို့ ဝင်ထွက်သွားလာခွင့်ရှိသော လမ်းနယ်၊ လမ်းမကြီး၊ လမ်းသွယ်၊ လမ်းကြောင်းနှင့် အများပြည်သူတို့ ဝင်ထွက်သွားလာခွင့်ရှိသောနေရာကို ဆိုသည်။

(တ) **လမ်းညွှန်း၊ လမ်းအမှတ်အသားနှင့် အချက်ပြများ**ဆိုသည်မှာ မော်တော်ယာဉ်မောင်းသူများအပါအဝင် လမ်းအသုံးပြုသူများ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် လမ်းညွှန်ခြင်း၊

စည်းကမ်းသတ်မှတ်ခြင်းနှင့် ကြီးကြပ်ခြင်းများ ပြုလုပ်ရန် ရေးသားထားသော သို့မဟုတ် စိုက်ထူထားသော သို့မဟုတ် တပ်ဆင်ထားသော အချက်ပြအမှတ်အသားကိရိယာကို ဆိုသည်။

(ထ) **ယာဉ်မောင်းလိုင်စင်**ဆိုသည်မှာ လိုင်စင်ထုတ်ပေးသူအရာရှိက သီးခြားဖော်ပြထားသူအား မော်တော်ယာဉ်ကိုဖြစ်စေ၊ သီးခြားဖော်ပြထားသည့် အတန်းအစား သို့မဟုတ် အမျိုးအစား တစ်ခုခုတွင် ပါဝင်သော မော်တော်ယာဉ်ကိုဖြစ်စေ မောင်းနှင်ခွင့်ပြုကြောင်း ထုတ်ပေးသည့် အထောက်အထားတစ်ခုခုကို ဆိုသည်။

(ဒ) **ယာဉ်အကူလက်မှတ်**ဆိုသည်မှာ ခရီးသည်တင်မော်တော်ယာဉ်တွင်ဖြစ်စေ၊ ကုန်တင်မော်တော်ယာဉ်တွင်ဖြစ်စေ မော်တော်ယာဉ်မောင်းသူနှင့် ခရီးသည်များကို ကူညီဆောင်ရွက်သူကို ထုတ်ပေးသည့် အထောက်အထားတစ်ခုခုကို ဆိုသည်။

(ဓ) **မော်တော်ယာဉ်နှင့်စပ်လျဉ်းသော ပတ်ဝန်းကျင်ထိန်းသိမ်းရေး**ဆိုသည်မှာ မော်တော်ယာဉ်ကြောင့် လေထု၊ ရေထု၊ မြေထုညစ်ညမ်းခြင်း၊ အသံဆူညံခြင်းတို့ လျော့နည်းစေရန် ထိန်းသိမ်းရေးကို ဆိုသည်။

(န) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနကို ဆိုသည်။

(ပ) **ဦးစီးဌာန**ဆိုသည်မှာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၃။ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) မော်တော်ယာဉ်များကို အများပြည်သူဆိုင်ရာနေရာတွင် အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရန် သတ်မှတ်ချက်များနှင့်အညီ စစ်ဆေးပြီး မှတ်ပုံတင်ပေးရန်၊

(ခ) မော်တော်ယာဉ်အမျိုးအစားအလိုက် မောင်းနှင်မည့်သူများအား သတ်မှတ်ထားသည့် အရည်အချင်းများ ပြည့်မီမှု ရှိ မရှိ စစ်ဆေးပြီး ယာဉ်မောင်းလိုင်စင် ထုတ်ပေးရန်၊

(ဂ) လမ်းအသုံးပြုသူများ သွားလာမှုလွယ်ကူချောမွေ့စေရန်နှင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းစေရေး ကာကွယ်ဆောင်ရွက်ရန်၊

(ဃ) ယာဉ်ကြောပိတ်ဆို့မှု မဖြစ်ပွားစေရန်နှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ရာတွင် အဆင့်မြင့်နည်းပညာသုံး ပို့ဆောင်ရေးစနစ်ကို ထိရောက်စွာအသုံးပြုရန်၊

(င) မော်တော်ယာဉ်ကြောင့် ဖြစ်ပေါ်လာသော သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများ လျော့နည်းစေရေး ဆောင်ရွက်ရန်။

## အခန်း (၃)
## မော်တော်ယာဉ်မှတ်ပုံတင်ခြင်း

၄။ မော်တော်ယာဉ်ပိုင်ရှင်သည် မော်တော်ယာဉ်ကို မှတ်ပုံတင်အရာရှိထံ မှတ်ပုံတင်ထားရှိရမည်။

၅။ မော်တော်ယာဉ်ပိုင်ရှင်သည် မော်တော်ယာဉ်ကို အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်နိုင်ရန် စံချိန်စံညွှန်းများနှင့်အညီ ထိန်းသိမ်းပြုပြင်ထားရှိရမည်။

၆။ မည်သည့်မော်တော်ယာဉ်မဆို စက်ချွတ်ယွင်းနေလျှင်ဖြစ်စေ၊ ပုဒ်မ ၅ ပါ လိုအပ်ချက်များနှင့်သော်လည်းကောင်း၊ ဤဥပဒေအရပြုသည့် နည်းဥပဒေများပါ သတ်မှတ်ချက်များနှင့်သော်လည်းကောင်း မညီညွတ်လျှင်ဖြစ်စေ၊ လျှောက်ထားသူက ယင်းမော်တော်ယာဉ်နှင့်စပ်လျဉ်း၍ ယခင်က မှတ်ပုံတင်ခဲ့ဖူးသည့်

အကြောင်းအရာများကို ဖော်ပြရန် ပျက်ကွက်လျှင်ဖြစ်စေ မှတ်ပုံတင်အရာရှိသည် ယင်းမော်တော်ယာဉ်ကို မှတ်ပုံတင်ခွင့်မပြုရ။

၇။ ဦးစီးဌာနသည် မော်တော်ယာဉ် ကနဦးမှတ်ပုံတင်လုပ်ငန်းဆောင်ရွက်ရန် စည်းကမ်းချက်များ သတ်မှတ်ရမည်။ ထို့ပြင် နှစ်လဲသက်တမ်းတိုးမှတ်ပုံတင်ခြင်း၊ အခြားမှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်းသော စည်းကမ်းချက်များကိုလည်း သတ်မှတ်ရမည်။

၈။ (က) မော်တော်ယာဉ်ပိုင်ရှင်သည် မော်တော်ယာဉ်ကို သတ်မှတ်သည့်နည်းလမ်းအတိုင်း ယာယီမှတ်ပုံတင်ပေးရန်လည်းကောင်း၊ သတ်မှတ်သည့်နည်းလမ်းအတိုင်း ယာယီမှတ်ပုံတင်သက်သေခံလက်မှတ်နှင့် ယာယီမှတ်ပုံတင်အမှတ်အသား ထုတ်ပေးရန်လည်းကောင်း မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

(ခ) ဤပုဒ်မအရ ပြုလုပ်သည့် ယာယီမှတ်ပုံတင်ခြင်းမှာ သုံးလထက်မပိုသော ကာလအပိုင်းအခြားအတွက်သာ အတည်ဖြစ်စေရမည်။ ယင်းသို့ ယာယီမှတ်ပုံတင်ခြင်းကို အသစ်တစ်ဖန် ပြုလုပ်ခွင့်မရှိစေရ။

၉။ ဦးစီးဌာနသည် မော်တော်ယာဉ်ကိုယ်ထည်တည်ဆောက်မှုပုံသဏ္ဌာန်နှင့် ဝန်တင်အားပေါ်မူတည်၍ မော်တော်ယာဉ်အမျိုးအစား ခွဲခြားသတ်မှတ်ရမည်။

၁၀။ မော်တော်ယာဉ်မှတ်ပုံတင်သူသည် မော်တော်ယာဉ်တွင် ပြောင်းလဲပြင်ဆင်ခြင်းများ ဆောင်ရွက်လိုလျှင် မှတ်ပုံတင်အရာရှိထံ ကြိုတင်လျှောက်ထားရမည်။

၁၁။ မည်သည့်မော်တော်ယာဉ်ပိုင်ရှင်မျှ မှတ်ပုံတင်အရာရှိ၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ မော်တော်ယာဉ်တွင် ပြောင်းလဲပြင်ဆင်ခြင်းများ မပြုရ။

၁၂။ မှတ်ပုံတင်အရာရှိသည် ပုဒ်မ ၁၀ အရ လျှောက်ထားသည့်ကိစ္စကို စိစစ်၍ ခွင့်ပြုခြင်း သို့မဟုတ် ပြန်လည်ပြင်ဆင်စေခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၁၃။ စီးပွားရေးလုပ်ငန်းသုံးမော်တော်ယာဉ်ကို အငှားယာဉ်အဖြစ် မှတ်ပုံတင်ရမည်။

၁၄။ မော်တော်ယာဉ်ကို လွှဲပြောင်းပိုင်ဆိုင်သူ၊ တရားဝင်ပိုင်ဆိုင်ခွင့်ရရှိသူ သို့မဟုတ် အမွေဆက်ခံခွင့်ရရှိသူသည် သတ်မှတ်သည့်နည်းလမ်းနှင့်အညီ မော်တော်ယာဉ်မှတ်ပုံတင်သူ အမည်ပြောင်းလဲရေး ဆောင်ရွက်ရမည်။

၁၅။ မော်တော်ယာဉ်မှတ်ပုံတင်သူသည် နေရပ်လိပ်စာပြောင်းလဲသည့်အခါတိုင်း ပြောင်းလဲသည့် နေရပ်လိပ်စာကို မှတ်တမ်းတင်ရန် ဦးစီးဌာနသို့ အကြောင်းကြားရမည်။

၁၆။ ဝန်ကြီးဌာနသည် မော်တော်ယာဉ်မှတ်ပုံတင်သက်တမ်းကို သတ်မှတ်ပေးရမည်။

## အခန်း (၄)

## မော်တော်ယာဉ်မှတ်ပုံတင်ခြင်းကို ခေတ္တရပ်စဲခြင်း၊ ဖျက်သိမ်းခြင်း

၁၇။ မှတ်ပုံတင်အရာရှိသည် အောက်ပါအကြောင်းကိစ္စတစ်ရပ်ရပ်တွင် မော်တော်ယာဉ်မှတ်ပုံတင်ခြင်းကို ခေတ္တရပ်စဲနိုင်သည် -

(က) မော်တော်ယာဉ်တွင် အများပြည်သူကို အန္တရာယ်ဖြစ်စေနိုင်သော သို့မဟုတ် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်သော ချွတ်ယွင်းချက်များ စစ်ဆေးတွေ့ရှိခြင်း၊

(ခ) မော်တော်ယာဉ်မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ မော်တော်ယာဉ်မှတ်ပုံတင်သူကို ဆင့်ခေါ်ရာတွင် ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ လာရောက်ရန် ပျက်ကွက်ခြင်း၊

(ဂ) ကြိုတင်ခွင့်ပြုချက်မရှိဘဲ မော်တော်ယာဉ်၏ အဓိကအစိတ်အပိုင်းကို ပြောင်းလဲပြင်ဆင်ခြင်း၊

(ဃ) သက်ဆိုင်ရာဌာန သို့မဟုတ် မော်တော်ယာဉ်နှင့်သက်ဆိုင်သူက သတ်မှတ်ချက်များနှင့်အညီ ခိုင်လုံသောအထောက်အထားဖြင့် ကန့်ကွက်လာခြင်း။

၁၈။ မှတ်ပုံတင်အရာရှိသည် အောက်ပါအကြောင်းကိစ္စတစ်ရပ်ရပ်ဖြစ်ပွားလျှင် မော်တော်ယာဉ်မှတ်ပုံတင်ခြင်းကို ဖျက်သိမ်းရမည် -

(က) မော်တော်ယာဉ်ကို အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်ရန် ပြန်လည်ပြင်ဆင်၍မရနိုင်သည်အထိ ပျက်စီးခြင်း၊

(ခ) မော်တော်ယာဉ်ကို မြန်မာနိုင်ငံပြင်ပသို့ အပြီးအပိုင်ယူဆောင်သွားခြင်း၊

(ဂ) မော်တော်ယာဉ်မှတ်ပုံတင်သက်တမ်း ကုန်ဆုံးသဖြင့် အသစ်လဲလှယ်ရန် တစ်ဆက်တည်း ၅ နှစ် ပျက်ကွက်ခြင်း၊

(ဃ) ဝန်ကြီးဌာနမှ သတ်မှတ်သည့် မော်တော်ယာဉ်သက်တမ်း ကျော်လွန်ခြင်း၊

(င) ခွင့်ပြုချက်မရှိဘဲ မော်တော်ယာဉ်အမျိုးအမည်၊ ခုနှစ်ပုံစံ၊ ခွင့်ပြု၍မရသောပုံစံအနေအထား၊ ကိုယ်ထည်ပြောင်းလဲထားကြောင်း စစ်ဆေးတွေ့ရှိခြင်း၊

(စ) မော်တော်ယာဉ်မှတ်ပုံတင်ခြင်းကို ဖျက်သိမ်းပေးရန် မှတ်ပုံတင်သူက အထောက်အထား ခိုင်လုံစွာဖြင့် လျှောက်ထားခြင်း။

၁၉။ (က) မော်တော်ယာဉ်ကို မှတ်ပုံတင်ခွင့်မပြု၍သော်လည်းကောင်း၊ ယာဉ်စစ်ဆေးချက်သက်သေခံလက်မှတ် ထုတ်မပေး၍သော်လည်းကောင်း ပုဒ်မ ၆ အရ ငြင်းဆိုသည့် အမိန့်ကြောင့်ဖြစ်စေ၊ ပုဒ်မ ၁၂ အရ ငြင်းဆိုသည့် အမိန့်ကြောင့်ဖြစ်စေ၊ ပုဒ်မ ၁၇ သို့မဟုတ် ပုဒ်မ ၁၈ အရ ခေတ္တရပ်စဲသည့် သို့မဟုတ် ဖျက်သိမ်းသည့် အမိန့်ကြောင့်ဖြစ်စေ နစ်နာသည့် မော်တော်ယာဉ်ပိုင်ရှင်တစ်ဦးဦးသည် အဆိုပါအမိန့် ချမှတ်သည့် အကြောင်းကြားစာရရှိသည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသို့လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိသူသည် အဆိုပါ ဆုံးဖြတ်ချက်ချမှတ်သည့် အကြောင်းကြားစာရရှိသည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံသို့လည်းကောင်း၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိသူသည် အဆိုပါဆုံးဖြတ်ချက်ချမှတ်သည့် အကြောင်းကြားစာရရှိသည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးဌာနသို့လည်းကောင်း အဆင့်ဆင့်အယူခံဝင်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ အယူခံလျှောက်ထားမှုများတွင် ဝန်ကြီးဌာနက ချမှတ်သည့် ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

## အခန်း (၅)
## မော်တော်ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်အကူလက်မှတ်များ ထုတ်ပေးခြင်း၊ ခေတ္တရပ်စဲခြင်း၊ ဖျက်သိမ်းခြင်းနှင့် အမြဲတမ်းရုပ်သိမ်းခြင်း

၂၀။ ဦးစီးဌာနသည် မောင်းနှင်ခွင့်ရှိသည့် မော်တော်ယာဉ်အမျိုးအစားအလိုက် ယာဉ်မောင်းလိုင်စင် အမျိုးအစားအား သတ်မှတ်ရမည်။

၂၁။ ယာဉ်မောင်းလိုင်စင်ရရှိလိုသူသည် လိုင်စင်ထုတ်ပေးသည့်အရာရှိထံ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၂၂။ လိုင်စင်ထုတ်ပေးသူအရာရှိသည် -

(က) တစ်ဦးတစ်ယောက်သောသူနှင့်ပတ်သက်၍ အောက်ပါအကြောင်းကိစ္စတစ်ရပ်ရပ်တွင် ယာဉ်မောင်းလိုင်စင် ထုတ်ပေးရန် ငြင်းဆိုခြင်း၊ ခေတ္တရပ်စဲခြင်း၊ ဖျက်သိမ်းခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် လိုင်စင်ကို အမြဲတမ်းရုပ်သိမ်းခြင်းပြုနိုင်သည်။ ထို့ပြင် ယာဉ်မောင်းလိုင်စင်လက်ရှိထားရန် သော်လည်းကောင်း ရရှိရန်သော်လည်းကောင်း သီးခြားဖော်ပြသည့် ကာလအပိုင်းအခြားအတွက် အရည်အချင်းပျက်ယွင်းကြောင်း သတ်မှတ်ခြင်းတို့ ပြုနိုင်သည် -

(၁) ရောဂါ သို့မဟုတ် မသန်စွမ်းမှုတစ်ခုခုကြောင့် မော်တော်ယာဉ်မောင်းနှင်ရန် မသင့်လျော်သူဟု ယုံကြည်ရန် အကြောင်းရှိခြင်း၊

(၂) စိတ်ကျန်းမာ ကြံ့ခိုင်ခြင်းမရှိသဖြင့် အများပြည်သူဆိုင်ရာနေရာတွင် မော်တော်ယာဉ်မောင်းနှင်ရန် မသင့်လျော်သူဟု ယုံကြည်ရန် အကြောင်းရှိခြင်း၊

(၃) မော်တော်ယာဉ်မောင်းနှင်ရေးနှင့်စပ်လျဉ်း၍ ပြစ်မှုမကြာခဏကျူးလွန်တတ်သူ သို့မဟုတ် အရက်သေစာ အလွန်အကြူး အမြဲတစေမူးယစ်သောက်စားလေ့ရှိသူဟု ယုံကြည်ရန် အကြောင်းရှိခြင်း၊

(၄) ထိုသူ၏ ယခင်မှတ်တမ်းအရ မော်တော်ယာဉ်မောင်းနှင်ခြင်းမှာ အများပြည်သူတို့အား ဘေးအန္တရာယ်ဖြစ်စေတတ်ရာသည်ဟု ယုံကြည်ရန် အကြောင်းရှိခြင်း၊

(၅) ဤဥပဒေအရဖြစ်သော ပြစ်မှုအတွက် သို့မဟုတ် မော်တော်ယာဉ်မောင်းနှင်ခြင်းနှင့် စပ်လျဉ်း၍ ပြစ်မှုအတွက် ပြစ်မှုထင်ရှားစီရင်၍ ထိုသို့ပြစ်မှုထင်ရှားစီရင်သည့် တရားရုံးက ယာဉ်မောင်းလိုင်စင်ထုတ်မပေးရန် သို့မဟုတ် ရုပ်သိမ်းရန် သို့မဟုတ် ခေတ္တရပ်စဲရန် အဆိုပြုခြင်းခံရသူဖြစ်ခြင်း။

(ခ) ယင်းသို့ ငြင်းဆိုရခြင်း သို့မဟုတ် ခေတ္တရပ်စဲခြင်း သို့မဟုတ် ရုပ်သိမ်းရခြင်း သို့မဟုတ် သတ်မှတ်ရခြင်း အကြောင်းများကို စာဖြင့် ရေးမှတ်ထားရမည်။

၂၃။ ဦးစီးဌာနသည် ယာဉ်မောင်းလိုင်စင် အမျိုးအစားတစ်ခုမှ အခြားအမျိုးအစားတစ်ခုသို့ ပြောင်းလဲပေးရန် လျှောက်ထားခြင်းတွင် သတ်မှတ်ချက်များနှင့်အညီ စစ်ဆေးပြီး ယာဉ်မောင်းလိုင်စင် ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

၂၄။ ဦးစီးဌာနသည် အပြည်ပြည်ဆိုင်ရာယာဉ်မောင်းခွင့်လက်မှတ် လျှောက်ထားခြင်းကို သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၂၅။ ဦးစီးဌာနသည် ပြည်ပမှထုတ်ပေးသော ယာဉ်မောင်းလိုင်စင်တင်ပြ၍ ပြည်တွင်းတွင် မောင်းနှင်ရန် လျှောက်ထားခြင်းကို သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၂၆။ ယာဉ်အကူလက်မှတ်ရရှိလိုသူသည် လိုင်စင်ထုတ်ပေးသည့် အရာရှိထံ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၂၇။ လိုင်စင်ထုတ်ပေးသူအရာရှိသည် ပုဒ်မ ၂၆ အရ လျှောက်ထားမှုကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ယာဉ်အကူလက်မှတ်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းဆိုခြင်း ပြုနိုင်သည်။

၂၈။ လိုင်စင်ထုတ်ပေးသူအရာရှိသည် ယာဉ်မောင်းလိုင်စင် သို့မဟုတ် ယာဉ်အကူလက်မှတ်ကိုင်ဆောင်သူက သတ်မှတ်ထားသည့်စည်းကမ်းကို လိုက်နာရန် ပျက်ကွက်လျှင် မှတ်တမ်းတင်ထားရမည်။ ယင်းမှတ်တမ်းသည် ယာဉ်မောင်းလိုင်စင် သို့မဟုတ် ယာဉ်အကူလက်မှတ်သက်တမ်းတိုးခြင်းနှင့် ယာဉ်မောင်းလိုင်စင် အမျိုးအစားပြောင်းလဲပေးရန် လျှောက်ထားခြင်း၊ လိုင်စင်ကို ခေတ္တရပ်စဲခြင်း၊ ဖျက်သိမ်းခြင်းနှင့် လိုင်စင် အမြဲတမ်းရုပ်သိမ်းခြင်းကိစ္စတို့တွင် ထည့်သွင်းစဉ်းစားရမည့်အချက်များ ဖြစ်စေရမည်။

၂၉။ လိုင်စင်ထုတ်ပေးသူအရာရှိသည် ဤဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေပြဋ္ဌာန်းချက်တစ်ခုခုကို ဖောက်ဖျက်ကျူးလွန်သည့် ယာဉ်အကူကို ကာလသတ်မှတ်၍ ယာဉ်အကူလက်မှတ် ခေတ္တရပ်စဲခြင်း၊ ဖျက်သိမ်းခြင်း သို့မဟုတ် ယာဉ်အကူလက်မှတ် အမြဲတမ်းရုပ်သိမ်းခြင်းပြုနိုင်သည်။

၃၀။ မော်တော်ယာဉ်မောင်းသင်တန်းကျောင်း ဖွင့်လှစ်လိုသူသည် လုပ်ငန်းလိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည်။

၃၁။ ဦးစီးဌာနသည် ပုဒ်မ ၃၀ အရ လျှောက်ထားမှုကို သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ လုပ်ငန်းလိုင်စင် ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၃၂။ ပုဒ်မ ၂၃၊ ၂၄၊ ၂၅ သို့မဟုတ် ၃၁ အရ ငြင်းပယ်သည့်အမိန့်ကို ကျေနပ်မှုမရှိသူသည် အဆိုပါအမိန့် ချမှတ်သည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးဌာနသို့ အယူခံဝင်နိုင်သည်။ ဝန်ကြီးဌာန၏ အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်သည်။

၃၃။ (က) ပုဒ်မ ၂၃၊ ၂၄၊ ၂၅ သို့မဟုတ် ၃၁ အရ ချမှတ်သည့် အမိန့်မှအပ ဤအခန်းအရ ချမှတ်သည့် အခြားအမိန့်တစ်စုံတစ်ရာအပေါ် ကျေနပ်မှုမရှိသူသည် အဆိုပါအမိန့် ချမှတ်သည့် အကြောင်းကြားစာ ရရှိသည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံသို့လည်းကောင်း၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိသူသည် အဆိုပါဆုံးဖြတ်ချက် ချမှတ်သည့် အကြောင်းကြားစာရရှိသည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးဌာနသို့လည်းကောင်း အဆင့်ဆင့်အယူခံဝင်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ အယူခံလျှောက်ထားမှုများတွင် ဝန်ကြီးဌာနက ချမှတ်သည့် ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

## အခန်း (၆)
## မော်တော်ယာဉ်ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ တည်ဆောက်တပ်ဆင်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းနှင့် စစ်ဆေးခြင်း

၃၄။ ဦးစီးဌာနသည် မော်တော်ယာဉ်ထုတ်လုပ်ခြင်း၊ မော်တော်ယာဉ်တည်ဆောက်တပ်ဆင်ခြင်း၊ မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းခြင်းတို့နှင့်စပ်လျဉ်း၍ ဘေးအန္တရာယ်ကင်းရှင်းမှုဆိုင်ရာစည်းကမ်းချက်များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာစည်းကမ်းချက်များနှင့် စံချိန်စံညွှန်းများကို သတ်မှတ်ရမည်။

၃၅။ မော်တော်ယာဉ်ထုတ်လုပ်ခြင်းလုပ်ငန်း၊ မော်တော်ယာဉ်ရောင်းချခြင်းလုပ်ငန်း၊ မော်တော်ယာဉ်တည်ဆောက်တပ်ဆင်ခြင်းလုပ်ငန်း၊ မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း သို့မဟုတ် မော်တော်ယာဉ်စစ်ဆေးခြင်းပုဂ္ဂလိကလုပ်ငန်း လုပ်ကိုင်လိုသူသည် ဦးစီးဌာနသို့ သတ်မှတ်ချက်နှင့်အညီ လုပ်ငန်းလိုင်စင် လျှောက်ထားရမည်။

၃၆။ ဦးစီးဌာနသည် ပုဒ်မ ၃၅ အရ လျှောက်ထားမှုကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး လုပ်ငန်းလိုင်စင် ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၃၇။ ပုဒ်မ ၃၅ အရ လုပ်ငန်းလိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုသည့်အမိန့်ကို ကျေနပ်မှုမရှိသူသည် အဆိုပါအမိန့် ချမှတ်သည့်ရက်မှ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးဌာနသို့ အယူခံဝင်နိုင်သည်။ ဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

## အခန်း (၇)
## ဝန်ကြီးဌာန၏ လုပ်ပိုင်ခွင့်များ

၃၈။ ဝန်ကြီးဌာနသည် -

(က) ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်နိုင်ရန် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီကို ဖွဲ့စည်း၍ ယင်း၏လုပ်ငန်းတာဝန်များကို သတ်မှတ်ရမည်။

(ခ) လိုအပ်သော ဆပ်ကော်မတီများကို ဖွဲ့စည်း၍ ယင်းဆပ်ကော်မတီများ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်နိုင်သည်။

၃၉။ (က) အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တို့တွင် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကော်မတီကို ဖွဲ့စည်း၍ ယင်းတို့၏လုပ်ငန်းတာဝန်များကို သတ်မှတ်ရမည်။ ယင်းသို့သတ်မှတ်ရာတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းသာ သွားလာသည့် ပုဂ္ဂလိကယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေးကိစ္စရပ်များကို မထိခိုက်စေရ။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ကော်မတီသည် ခရိုင်ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကော်မတီနှင့် မြို့နယ် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကော်မတီအသီးသီးကို ဖွဲ့စည်း၍ ယင်းကော်မတီ အသီးသီး၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ရမည်။

၄၀။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါကိစ္စရပ်များကို ဆောင်ရွက်ရမည် -

(က) ပြည်ပမှတင်သွင်းသည့် မော်တော်ယာဉ်အမျိုးအစား၊ ထုတ်လုပ်သည့်ခုနှစ်နှင့် အရေအတွက် သတ်မှတ်ခြင်း၊

(ခ) ပြည်တွင်း၌အသုံးပြုသည့် မော်တော်ယာဉ်အမျိုးအစားအလိုက် သွားလာခွင့်ရှိသည့်နေရာဒေသ သတ်မှတ်ခြင်း၊

(ဂ) နိုင်ငံအချင်းချင်း သို့မဟုတ် နိုင်ငံဖြတ်ကျော်ခရီးသည်နှင့် ကုန်စည်ပို့ဆောင်သွားလာခြင်းဆိုင်ရာ စည်းကမ်းချက်များ သတ်မှတ်ခြင်း။

၄၁။ ဝန်ကြီးဌာနသည် ကောက်ခံရမည့် အောက်ပါအခငွေများနှင့် စီမံခန့်ခွဲမှုဆိုင်ရာဒဏ်ကြေးငွေများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ရမည် -

(က) မော်တော်ယာဉ်မှတ်ပုံတင်ခြင်းဆိုင်ရာ ပြည်ပတင်သွင်းယာဉ်မှတ်ပုံတင်ခ၊ မော်တော်ယာဉ်ကနဦး မှတ်ပုံတင်ခ၊ နှစ်လဲယာဉ်မှတ်ပုံတင်ခ၊ ယာဉ်စစ်ဆေးခနှင့် အခြားမှတ်ပုံတင်အခငွေများ၊

(ခ) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်အကူလက်မှတ်ထုတ်ပေးခြင်းဆိုင်ရာ မှတ်ပုံတင်ခ၊ စစ်ဆေးခနှင့် အခြားယာဉ်မောင်းလိုင်စင်ဆိုင်ရာအခငွေများ၊

(ဂ) မော်တော်ယာဉ်ထုတ်လုပ်ခြင်း၊ မော်တော်ယာဉ်ရောင်းချခြင်း၊ မော်တော်ယာဉ်တည်ဆောက် တပ်ဆင်ခြင်း၊ မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းခြင်း၊ မော်တော်ယာဉ်စစ်ဆေးခြင်းနှင့် ယာဉ်မောင်း သင်တန်းကျောင်း ဖွင့်လှစ်ခြင်းဆိုင်ရာအခငွေများ။

၄၂။ ဝန်ကြီးဌာနသည် ဤဥပဒေ၊ ဤဥပဒေအရ ပြုသော နည်းဥပဒေနှင့်အညီ ကောက်ခံသည့် အခငွေနှင့် စီမံခန့်ခွဲမှုဆိုင်ရာဒဏ်ကြေးငွေပမာဏများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်း ပြုနိုင်သည်။

၄၃။ ဝန်ကြီးဌာနသည် မည်သည့်မော်တော်ယာဉ်ကိုမဆို မှတ်ပုံတင်ရာတွင် အခကြေးငွေပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည်။

၄၄။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤဥပဒေပါ မိမိ၏လုပ်ပိုင်ခွင့်များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့အသီးသီးသို့ သင့်လျော်သလို လွှဲအပ်ဆောင်ရွက်နိုင်သည်။

## အခန်း (၈)
## ဦးစီးဌာန၏ လုပ်ပိုင်ခွင့်များ

၄၅။ ဦးစီးဌာန၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) မော်တော်ယာဉ်မှတ်ပုံတင်ခြင်းဆိုင်ရာလုပ်ငန်းများ သတ်မှတ်ခြင်း၊

(ခ) မော်တော်ယာဉ်မှတ်ပုံတင်ခြင်းလုပ်ငန်းဆိုင်ရာစည်းကမ်း သတ်မှတ်ခြင်း၊

(ဂ) မော်တော်ယာဉ်စစ်ဆေးခြင်းဆိုင်ရာလုပ်ငန်းများ သတ်မှတ်ခြင်း၊

(ဃ) ပြည်ပမှ ခေတ္တရောက်ရှိလာသော မော်တော်ယာဉ်၊ ပြည်ပသို့ ခေတ္တထွက်ခွာသွားမည့် မော်တော်ယာဉ်များနှင့်စပ်လျဉ်း၍ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကုန်းလမ်းပို့ဆောင်ရေးဆိုင်ရာ သဘောတူစာချုပ်များနှင့်အညီ ဆောင်ရွက်ခြင်း၊

(င) မော်တော်ယာဉ်ထုတ်လုပ်ခြင်းလုပ်ငန်း၊ မော်တော်ယာဉ်ရောင်းချခြင်းလုပ်ငန်း၊ မော်တော်ယာဉ်တည်ဆောက်တပ်ဆင်ခြင်းနှင့် မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ စစ်ဆေးခြင်းနှင့် စည်းကမ်းချက်များ သတ်မှတ်ခြင်း၊

(စ) မော်တော်ယာဉ်စစ်ဆေးခြင်းပုဂ္ဂလိကလုပ်ငန်းနှင့် စပ်လျဉ်း၍ စစ်ဆေးခြင်းနှင့် စည်းကမ်းချက်များ သတ်မှတ်ခြင်း၊

(ဆ) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်အကူလက်မှတ် လျှောက်ထားမှုကို စစ်ဆေးခြင်း၊ ထုတ်ပေးခြင်း၊ အမျိုးအစားခွဲခြားခြင်း၊ မောင်းနှင်ခွင့်သုံးစွဲခွင့်စည်းကမ်း သတ်မှတ်ခြင်း၊

(ဇ) မော်တော်ယာဉ်မောင်းသင်တန်းကျောင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ စစ်ဆေးခြင်းနှင့် စည်းကမ်းချက်များ သတ်မှတ်ခြင်း၊

(ဈ) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးနှင့်စပ်လျဉ်း၍ စည်းကမ်းများ သတ်မှတ်ခြင်း၊ ပညာပေးလှုံ့ဆော်ခြင်း၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ည) လမ်းညွှန်၊ လမ်းအမှတ်အသားနှင့် အချက်ပြများ သတ်မှတ်ခြင်း၊

(ဋ) လမ်းများအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အရည်အသွေးစစ်ဆေးခြင်း၊ အကဲဖြတ်ခြင်းနှင့် သက်ဆိုင်ရာသို့ အကြံပြုခြင်း၊

(ဌ) ယာဉ်ကြောပိတ်ဆို့မှု မဖြစ်ပွားစေရန်နှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးဆောင်ရွက်ရာတွင် အဆင့်မြင့်နည်းပညာများ အသုံးပြု၍ ဆောင်ရွက်ခြင်း၊

(ဍ) ယာဉ်မတော်တဆမှုများနှင့်ပတ်သက်၍ လေ့လာသုံးသပ်ခြင်း၊ ယာဉ်မတော်တဆမှုများ လျော့နည်းစေရန် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဎ) ယာဉ်ကြောင့် ဖြစ်ပေါ်သော ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်စပ်လျဉ်း၍ ပညာပေးလှုံ့ဆော်ခြင်း၊ သုတေသနပြုလုပ်ခြင်း၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။

## အခန်း (၉)
## တားမြစ်ချက်များ

၄၆။ မည်သည့်မော်တော်ယာဉ်မဆို မှတ်ပုံတင်ထားခြင်းမရှိလျှင်ဖြစ်စေ၊ မှတ်ပုံတင်ထားသော်လည်း မော်တော်ယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ် ရပ်စဲခြင်းခံထားရလျှင်ဖြစ်စေ၊ သိမ်းဆည်းခြင်းခံထားရလျှင်ဖြစ်စေ၊ မှတ်ပုံတင်ဖျက်သိမ်းထားလျှင်ဖြစ်စေ၊ မှတ်ပုံတင်သက်တမ်းကုန်ဆုံးလျှင်ဖြစ်စေ မော်တော်ယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ်ကို သတ်မှတ်သည့်နည်းလမ်းအတိုင်း ပြသမထားလျှင်ဖြစ်စေ မည်သူမျှ အများပြည်သူဆိုင်ရာနေရာတွင် မောင်းနှင်ခြင်းမပြုရ။ ထို့ပြင် မော်တော်ယာဉ်ပိုင်ရှင် သို့မဟုတ် မော်တော်ယာဉ်အတွက် တာဝန်ရှိသူသည် အဆိုပါမော်တော်ယာဉ်ကို မောင်းနှင်စေခြင်း သို့မဟုတ် မောင်းနှင်ခွင့်မပြုရ။

၄၇။ ခရီးသည်မှအပ မည်သူမျှ မော်တော်ယာဉ်ကို သူတစ်ပါးထိခိုက်မှုအာမခံမထားရှိဘဲ အများပြည်သူဆိုင်ရာနေရာတွင် အသုံးမပြုရ သို့မဟုတ် အသုံးပြုခွင့်မပေးရ။

၄၈။ (က) မည်သူမျှ သတ်မှတ်သည့်နည်းလမ်းအတိုင်း မိမိအား ထုတ်ပေးထားသည့် ယာဉ်မောင်းလိုင်စင်လက်ရှိမထားလျှင် မော်တော်ယာဉ်ကို အများပြည်သူဆိုင်ရာနေရာတွင် မောင်းနှင်ခြင်းမပြုရ။

(ခ) မည်သည့်မော်တော်ယာဉ်ပိုင်ရှင် သို့မဟုတ် မော်တော်ယာဉ်အတွက် တာဝန်ရှိသူမျှ ယင်းမော်တော်ယာဉ်ကို ယာဉ်မောင်းလိုင်စင်ရရှိမထားသူတစ်ဦးဦးအား မောင်းနှင်စေခြင်း မပြုရ သို့မဟုတ် မောင်းနှင်ရန်ခွင့်မပြုရ။

၄၉။ မည်သူမျှ အများပြည်သူဆိုင်ရာနေရာတွင် ယာဉ်မောင်းလိုင်စင်၌ ခွင့်ပြုထားခြင်းမရှိသော မော်တော်ယာဉ်ကို မောင်းနှင်ခြင်းမပြုရ သို့မဟုတ် မောင်းနှင်ခွင့်မပြုရ။

၅၀။ မည်သူမျှ အများပြည်သူဆိုင်ရာနေရာတွင် အောက်ပါတစ်ခုခုကို မပြုလုပ်ရ -

(က) မော်တော်ယာဉ်ကို ဘေးအန္တရာယ်ဖြစ်စေနိုင်သည်အထိ အရမ်းမောင်းနှင်ခြင်း၊

(ခ) မော်တော်ယာဉ်ကို သတ်မှတ်ထားသည့် အမြန်နှုန်းထက်ပို၍မောင်းနှင်ခြင်း သို့မဟုတ် သတ်မှတ်ထားသည့် အမြန်နှုန်းအောက် လျှော့၍မောင်းနှင်ခြင်း၊

(ဂ) ဘေးအန္တရာယ်ဖြစ်စေနိုင်သည့် မော်တော်ယာဉ်ကို မောင်းနှင်ခြင်း၊

(ဃ) မူးယစ်ဆေးဝါးသုံးစွဲ၍ မော်တော်ယာဉ်ကို မောင်းနှင်ခြင်း၊

(င) အရက်သေစာမူးယစ်သောက်စား၍ မော်တော်ယာဉ်ကို မောင်းနှင်ခြင်း။

၅၁။ မည်သူမျှ လုပ်ငန်းလိုင်စင်မရှိဘဲ မော်တော်ယာဉ်ထုတ်လုပ်ခြင်းလုပ်ငန်း၊ မော်တော်ယာဉ်ရောင်းချခြင်းလုပ်ငန်း၊ မော်တော်ယာဉ်တည်ဆောက်တပ်ဆင်ခြင်းလုပ်ငန်း သို့မဟုတ် မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းကို လုပ်ကိုင်ခြင်းမပြုရ။

၅၂။ မည်သူမျှ လုပ်ငန်းလိုင်စင်မရှိဘဲ မော်တော်ယာဉ်မောင်းသင်တန်းကျောင်း ဖွင့်လှစ်ခြင်းမပြုရ။

၅၃။ မည်သူမျှ လုပ်ငန်းလိုင်စင်မရှိဘဲ မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်းကို လုပ်ကိုင်ခြင်း မပြုရ။

၅၄။ မည်သူမျှ အောက်ပါတစ်ခုခုကို မပြုလုပ်ရ -

(က) မော်တော်ယာဉ်နံပါတ်ပြားကို မထင်ရှားအောင်ပြုလုပ်ခြင်း၊

(ခ) မော်တော်ယာဉ်နံပါတ်ပြားကို ထင်ယောင်ထင်မှားဖြစ်စေရန် ပြုလုပ်ခြင်း၊

(ဂ) မမှန်ကန်သော မော်တော်ယာဉ်နံပါတ်ပြားကို မော်တော်ယာဉ်တွင် တပ်ဆင်အသုံးပြုခြင်း။

၅၅။ မည်သူမျှ အောက်ပါတစ်ခုခုကို မပြုလုပ်ရ -

(က) ယာဉ်အကူလက်မှတ်မရှိဘဲ ယာဉ်အကူအဖြစ် ပါဝင်ဆောင်ရွက်ခြင်း၊

(ခ) စိတ်ဖြစ်စေ၊ ကိုယ်ဖြစ်စေ မော်တော်ယာဉ်ကို မောင်းနှင်ရန် သင့်လျော်ခြင်းမရှိသည့်အခါ မောင်းနှင်ခြင်း၊

(ဂ) သတ်မှတ်ထားသည့် ဝန်တင်အားထက်ပိုသော မော်တော်ယာဉ်ကို မောင်းနှင်ခြင်း၊

(ဃ) မော်တော်ဆိုင်ကယ်ကို စီးနင်းစဉ် မော်တော်ဆိုင်ကယ်ဦးထုပ်ကို မေးသိုင်းကြိုး သေချာစွာတပ်၍ မောင်းနှင်မှုမပြုခြင်း၊

(င) ခြေကျင်လမ်းကူးနေရာနှင့်သက်ဆိုင်သည့် နည်းဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဆန့်ကျင်၍ မော်တော်ယာဉ်ကို မောင်းနှင်ခြင်း၊

(စ) ဥပဒေနှင့်အညီ အခွင့်အာဏာမရှိဘဲ သို့မဟုတ် ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ မော်တော်ယာဉ်၏ မူလအမျိုးအမည်၊ ရုပ်သဏ္ဌာန်ပျက်ပြားစေသည်အထိ ပြုပြင်ပြောင်းလဲခြင်း သို့မဟုတ် စက်ကိရိယာ တစ်စိတ်တစ်ဒေသကို ပြုပြင်ပြောင်းလဲခြင်း သို့မဟုတ် မော်တော်ယာဉ်စစ်ဆေးချက် သက်သေခံ လက်မှတ်ပါ အနေအထားများကို ပြုပြင်ပြောင်းလဲခြင်း။

၅၆။ မော်တော်ယာဉ်လက်ဝယ်ရှိသူ မည်သူမျှ အောက်ပါတစ်ခုခုကို မပြုလုပ်ရ -

(က) မော်တော်ယာဉ်လွှဲပြောင်းခြင်းနှင့် ရောင်းချခြင်းတို့တွင် မော်တော်ယာဉ်လွှဲပြောင်းသည့်နေ့ရက် သို့မဟုတ် အရောင်းအဝယ်စာချုပ် စာချုပ်ချုပ်ဆိုသည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း မှတ်ပုံတင်သူအမည် ပြောင်းလဲပေးနိုင်ရေးအတွက် လျှောက်ထားရန် ပျက်ကွက်ခြင်း၊

(ခ) အမွေဆက်ခံခြင်းဖြင့် မော်တော်ယာဉ်ပိုင်ဆိုင်ခွင့်ရရှိသူသည် မှတ်ပုံတင်သူအမည် ပြောင်းလဲပေးရန် တရားဝင်ပိုင်ဆိုင်ခွင့်ရရှိသည့်ရက်မှ ရက်ပေါင်း ၃၀ အတွင်း လျှောက်ထားရန် ပျက်ကွက်ခြင်း၊

(ဂ) မှတ်ပုံတင်သူအမည် ပြောင်းလဲပေးရန် လျှောက်ထားရာတွင် မော်တော်ယာဉ်လွှဲပြောင်းခြင်း စာချုပ်၌ အချက်အလက်တစ်စုံတစ်ရာကို မမှန်မကန်ဖော်ပြခြင်း၊ ပြင်ဆင်ခြင်း၊ ချန်လှပ်ခြင်းနှင့် စာချုပ်ချုပ်ဆိုသည့်နေ့ရက်ကို မမှန်မကန်ဖော်ပြခြင်း။

၅၇။ မည်သူမျှ ဦးစီးဌာနက ထုတ်ပေးသည့် စာတမ်းအမှတ်အသားကို အတုအပပြုလုပ်ခြင်း သို့မဟုတ် ပြောင်းလဲခြင်းမပြုရ။

၅၈။ မည်သူမျှ ဦးစီးဌာနက ထုတ်ပေးသည့် စာတမ်းအမှတ်အသားကို သက်ဆိုင်ခြင်းမရှိသည့် မော်တော်ယာဉ်တွင် ပြောင်းလဲသုံးစွဲခြင်း သို့မဟုတ် သုံးစွဲစေခြင်းမပြုရ။

၅၉။ မည်သူမျှ အခြားသူတစ်ဦးဦး၏ ယာဉ်မောင်းလိုင်စင် သို့မဟုတ် ယာဉ်အကူလက်မှတ်ကို အသုံးပြု၍ မော်တော်ယာဉ်ကို မောင်းနှင်ခြင်း သို့မဟုတ် ယာဉ်အကူအဖြစ် ပါဝင်ဆောင်ရွက်ခြင်းမပြုရ။

## အခန်း (၁၀)

## ပြစ်ဒဏ်များ

၆၀။ (က) မည်သူမဆို ပုဒ်မ ၄၆၊ ၄၇၊ ၄၈၊ ၄၉၊ ၅၀ နှင့် ၅၁ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ ကျပ်ငါးသောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

(ခ) ဤပုဒ်မပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရသူသည် ယခင်က ဤပြစ်မှုဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံခဲ့ရလျှင် ထပ်မံကျူးလွန်သောပြစ်မှု အတွက် ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၁။ မည်သူမဆို ပုဒ်မ ၅၂ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်ငါးသိန်းထက်မပိုသော ငွေဒဏ် ချမှတ်ရမည်။

၆၂။ မည်သူမဆို ပုဒ်မ ၅၃ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်သိန်းတစ်ဆယ်ထက်မပိုသော ငွေဒဏ် ချမှတ်ရမည်။

၆၃။ မည်သူမဆို ပုဒ်မ ၅၄ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၄။ မည်သူမဆို ပုဒ်မ ၅၅ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်သုံးသောင်းထက်မပိုသော ငွေဒဏ် ချမှတ်ရမည်။

၆၅။ မော်တော်ယာဉ်လက်ဝယ်ရှိသူ မည်သူမဆို ပုဒ်မ ၅၆ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ် ချမှတ်ရမည်။

၆၆။ မည်သူမဆို ပုဒ်မ ၅၇ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ၇ နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းတစ်ဆယ်ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၇။ မည်သူမဆို ပုဒ်မ ၅၈ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၈။ မည်သူမဆို ပုဒ်မ ၅၉ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်သုံးသောင်းထက်မပိုသော ငွေဒဏ် ချမှတ်ရမည်။

၆၉။ မည်သူမဆို ဤဥပဒေပါ ပြဋ္ဌာန်းချက် သို့မဟုတ် ဤဥပဒေအရပြုသည့် နည်းဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်လျှင် ထိုပြစ်မှုအတွက် ဤဥပဒေ၌ သီးခြားပြစ်ဒဏ်ပြဋ္ဌာန်းမထားပါက ထိုသူကို ကျပ်သုံးသောင်းထက်မပိုသော ငွေဒဏ် ချမှတ်ရမည်။

၇၀။ မည်သူမဆို ဤဥပဒေအရဖြစ်စေ၊ ဤဥပဒေအရပြုသည့် နည်းဥပဒေတစ်ခုခုအရဖြစ်စေ ပြစ်ဒဏ်ထိုက်သောပြစ်မှုကို ကျူးလွန်ရန် အားပေးကူညီလျှင် ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ် ချမှတ်ခြင်းခံရမည်။

## အခန်း (၁၁)
## လျော်ကြေးငွေပေးဆောင်ခြင်း

၇၁။ မော်တော်ယာဉ်နှင့်စပ်လျဉ်း၍ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုတစ်ခုခုကြောင့် တစ်ဦးတစ်ယောက်သောသူသည် ရာဇသတ်ကြီး ပုဒ်မ ၂၇၉၊ ၃၃၇၊ ၃၃၈ သို့မဟုတ် ပုဒ်မ ၃၀၄-က အရ ပြစ်မှုထင်ရှားစီရင်ခံရ၍ ထိုပြုလုပ်သည့် သို့မဟုတ် ပျက်ကွက်သည့်ကိစ္စကြောင့် ပစ္စည်းတစ်ခုခုပျက်စီးဆုံးရှုံးလျှင် တရားရုံးသည် ယင်းပစ္စည်းပျက်စီးဆုံးရှုံးမှုအတွက် အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းပိုင်ပစ္စည်းတစ်ခုခု ပျက်စီးလျှင် အဆိုပါပစ္စည်းကို ပြုပြင်ရန် သို့မဟုတ် အစားထိုးရန် လုံလောက်သည့်လျော်ကြေးငွေပေးစေရန် အမိန့်ချမှတ်ခြင်း၊

(ခ) ပုဒ်မခွဲ (က) တွင် ဖော်ပြထားသည့်ပစ္စည်းမှအပ အခြားပစ္စည်းတစ်ခုခုပျက်စီးလျှင် ပစ္စည်းပိုင်ရှင်နှင့် ပြစ်မှုကျူးလွန်သူ နှစ်ဖက်သဘောတူညီမှုမရပါက အဆိုပါပစ္စည်းကို ပြုပြင်ရန် သို့မဟုတ် အစားထိုးရန် လုံလောက်သည့် လျော်ကြေးငွေပေးစေရန် အမိန့်ချမှတ်ခြင်း၊

(ဂ) ပုဒ်မခွဲ (က) သို့မဟုတ် ပုဒ်မခွဲ (ခ) အရ ချမှတ်သည့် လျော်ကြေးငွေကို ပေးရန်ပျက်ကွက်လျှင် အဆိုပါသူအပေါ် တပ်ရိုက်သည့် ငွေဒဏ်ကဲ့သို့ အရကောက်ခံရမည်။

၇၂။ ပုဒ်မ ၇၁ အရ ချမှတ်သည့်အမိန့်သည် နစ်နာသူက တရားမမှုစွဲဆိုခွင့်ကို ပိတ်ပင်ခြင်းမရှိစေရ။

## အခန်း (၁၂)
## စည်းကမ်းထိန်းသိမ်းခြင်းနှင့် အရေးယူခြင်း

၇၃။ ဝန်ကြီးဌာနသည် ဤဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာရန် ပျက်ကွက်သူများအား စစ်ဆေးအရေးယူရန် ဦးစီးဌာနကိုသော်လည်းကောင်း၊ ဦးစီးဌာနမှ သင့်လျော်သည့် အရာရှိတစ်ဦးဦးကိုသော် လည်းကောင်း တာဝန်ပေးအပ်နိုင်သည်။

၇၄။ (က) ရဲဝတ်စုံဝတ်ထားသည့် ရဲအရာရှိသည် အောက်ပါအခြေအနေတစ်ရပ်ရပ်တွင် မော်တော်ယာဉ် မောင်းနှင်သူအား ဝရမ်းမပါဘဲ ဖမ်းဆီးနိုင်သည် -

(၁) အရက်သေစာ မူးယစ်သောက်စား၍ မော်တော်ယာဉ်ကို မောင်းနှင်ခြင်း၊

(၂) မူးယစ်ဆေးဝါးသုံးစွဲ၍ မော်တော်ယာဉ်ကို မောင်းနှင်ခြင်း၊

(၃) ဘေးအန္တရာယ်ဖြစ်စေနိုင်သည်အထိ မော်တော်ယာဉ်ကို အရမ်းမောင်းနှင်ခြင်း၊

(၄) ဘေးအန္တရာယ်ဖြစ်စေနိုင်သည့် မော်တော်ယာဉ်ကို မောင်းနှင်ခြင်း။

(ခ) အရက်သေစာသောက်စား၍ မူးယစ်နေစဉ် မော်တော်ယာဉ်မောင်းနှင်ခြင်းနှင့်စပ်လျဉ်း၍ ထိုသို့ ဖမ်းဆီးခံရသည့်သူတစ်ဦးဦးကို သတ်မှတ်ထားသည့်နည်းလမ်းအတိုင်း စစ်ဆေးပြီး အချုပ်မှ လွှတ်ရမည်။

၇၅။ (က) ရဲဝတ်စုံဝတ်ဆင်ထားသည့် ရဲအရာရှိသည် အောက်ပါတစ်ဦးတစ်ယောက်သောသူကို ဝရမ်း မပါဘဲ ဖမ်းဆီးနိုင်သည် -

(၁) ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ သို့မဟုတ် ဤဥပဒေအရပြုသည့် နည်းဥပဒေများအရ အမည်နှင့် နေရပ်ဖော်ပြစေလိုပါလျက် မဖော်ပြလိုဟု ငြင်းဆိုသူ သို့မဟုတ် ထိုရဲအရာရှိက မမှန်ဟု ယုံကြည်ရန်အကြောင်းရှိသောအမည်နှင့် နေရပ်ဖော်ပြသူ၊

(၂) ဤဥပဒေအရဖြစ်သော ပြစ်မှု သို့မဟုတ် ဤဥပဒေအရပြုသည့် နည်းဥပဒေများအရ ဖြစ်သော ပြစ်မှုတစ်ခုခုတွင် ပါဝင်သက်ဆိုင်၍ သို့မဟုတ် ပါဝင်သက်ဆိုင်သည်ဟု သင်္ကာ မကင်းဖွယ်ရာ အကြောင်းရှိ၍ ထွက်ပြေးတိမ်းရှောင်မည်ဟု သို့မဟုတ် သမ္မန်စာချအပ်ခြင်း မခံရအောင် အခြားနည်းရှောင်ရှားနေမည်ဟု အဆိုပါရဲအရာရှိက ယုံကြည်ရန် အကြောင်း ရှိသောသူ။

(ခ) ရဲအရာရှိသည် မော်တော်ယာဉ်မောင်းနှင်သူအား ဝရမ်းမပါဘဲ ဖမ်းဆီးလျှင် မော်တော်ယာဉ်ကို လုံခြုံစွာ ယာယီထိန်းသိမ်းထားရန် လိုအပ်ပါက မိမိသင့်သည်ဟု ထင်မြင်ယူဆသည့်အတိုင်း အရေးယူဆောင်ရွက်နိုင်သည် သို့မဟုတ် အရေးယူဆောင်ရွက်စေနိုင်သည်။

၇၆။ (က) ရဲအရာရှိ သို့မဟုတ် ဝန်ကြီးဌာနက တာဝန်ပေးအပ်သည့် ဦးစီးဌာနမှ အရာရှိသည် ဤဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်သည့် ယာဉ်မောင်းသူ လက်ရှိ ထားသော ယာဉ်မောင်းလိုင်စင်ကို သိမ်းယူနိုင်သည်။ ယင်းသို့သိမ်းယူလျှင် ယာဉ်မောင်း လိုင်စင် သိမ်းယူကြောင်း အသိအမှတ်ပြုလက်မှတ် ထုတ်ပေးရမည်။

(ခ) ယာဉ်မောင်းလိုင်စင် သိမ်းယူကြောင်း အသိအမှတ်ပြုလက်မှတ်ဖြင့် မော်တော်ယာဉ်ကို နေထိုင်ရာဥပစာသို့ ပြန်လည်ယူဆောင်ရန်အတွက်သာ ယာဉ်မောင်းနှင်ခွင့်ရှိသည်။

၇၇။ ရဲအရာရှိကဖြစ်စေ၊ ဝန်ကြီးဌာနက တာဝန်ပေးအပ်ခြင်းခံရသည့် ဦးစီးဌာနမှ အရာရှိကဖြစ်စေ မော်တော်ယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ်၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်အကူလက်မှတ်၊ မော်တော်ယာဉ် စစ်ဆေးချက်သက်သေခံလက်မှတ်များကို စစ်ဆေးရာတွင် ယင်းလက်မှတ်များမှာ အစစ်အမှန်မဟုတ်ကြောင်း ယုံကြည်ရန်အကြောင်းရှိလျှင် အဆိုပါသက်သေခံအထောက်အထားများကို သိမ်းယူနိုင်သည်။

၇၈။ ရဲအရာရှိ သို့မဟုတ် ဦးစီးဌာနမှအရာရှိသည် အများပြည်သူဆိုင်ရာနေရာတွင် အောက်ပါ မော်တော်ယာဉ်အား စစ်ဆေးတွေ့ရှိလျှင် ယင်းမော်တော်ယာဉ်ကို ယာယီထိန်းသိမ်းနိုင်ရန် အနီးဆုံးရဲစခန်း တွင် အပ်နှံရမည် -

(က) မှတ်ပုံတင်ထားခြင်းမရှိသော မော်တော်ယာဉ်၊

(ခ) မှတ်ပုံတင်ဖျက်သိမ်းထားပြီးသော မော်တော်ယာဉ်။

## အခန်း (၁၃)
## နည်းဥပဒေများထုတ်ပြန်ရာတွင် ပါဝင်ရမည့်ကိစ္စရပ်များ

၇၉။ ဝန်ကြီးဌာနသည် အောက်ပါကိစ္စတစ်ခုခုနှင့်စပ်လျဉ်း၍ဖြစ်စေ၊ အားလုံးနှင့်စပ်လျဉ်း၍ဖြစ်စေ နည်းဥပဒေများ ထုတ်ပြန်နိုင်သည် -

(က) မော်တော်ယာဉ်မှတ်ပုံတင်ခြင်းနှင့်သက်ဆိုင်သည့်ကိစ္စ၊

(ခ) မော်တော်ယာဉ်စစ်ဆေးခြင်းနှင့်သက်ဆိုင်သည့်ကိစ္စ၊

(ဂ) မော်တော်ယာဉ်တည်ဆောက်ခြင်း၊ နောက်တွဲယာဉ်တည်ဆောက်ခြင်း၊ ကိရိယာတန်ဆာပလာ တပ်ဆင်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းဆိုင်ရာကိစ္စ၊

(ဃ) မော်တော်ယာဉ်အမျိုးအစား၊ အလေးချိန်နှင့် တင်ဆောင်သည့်ဝန် သတ်မှတ်ခြင်းကိစ္စ၊

(င) မော်တော်ယာဉ်ထုတ်လုပ်ခြင်း၊ မော်တော်ယာဉ်ရောင်းချခြင်း၊ မော်တော်ယာဉ်တည်ဆောက် တပ်ဆင်ခြင်းနှင့် မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းခြင်းဆိုင်ရာကိစ္စ၊

(စ) မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်းဆိုင်ရာကိစ္စ၊

(ဆ) လမ်းအသုံးပြုသူများ သွားလာမှုလွယ်ကူချောမွေ့စေရန်နှင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကိစ္စ၊

(ဇ) မော်တော်ယာဉ်ကြောင့် မတော်တဆထိခိုက်မှုဖြစ်ပွား၍ တစ်ဦးတစ်ယောက်သောသူ ဒဏ်ရာ ရရှိသည့်အခါ မော်တော်ယာဉ်မောင်းနှင်သူနှင့် မော်တော်ယာဉ်ကြီးကြပ်သူ ဆောင်ရွက်ရမည့်ကိစ္စ၊

(ဈ) ယာဉ်ကြောပိတ်ဆို့မှုမဖြစ်ပွားစေရန်နှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ရာတွင် အဆင့်မြင့်နည်းပညာသုံး ပို့ဆောင်ရေးစနစ်ကို ထိရောက်စွာအသုံးပြုရေးကိစ္စ၊

(ည) မော်တော်ယာဉ်ကြောင့်ဖြစ်ပေါ်သော သဘာဝပတ်ဝန်းကျင်ထိခိုက်မှုလျော့နည်းစေရေးကိစ္စ၊

(ဋ) ယာဉ်မောင်းလိုင်စင် ထုတ်ပေးရန် စစ်ဆေးခြင်းကိစ္စ၊

(ဌ) ယာဉ်အကူလက်မှတ် ထုတ်ပေးရန် စစ်ဆေးခြင်းကိစ္စ၊

(ဍ) မော်တော်ယာဉ်မောင်းသင်တန်းကျောင်းဆိုင်ရာကိစ္စ၊

(ဎ) စီးပွားရေးလုပ်ငန်းသုံးမော်တော်ယာဉ် စည်းကမ်းထိန်းသိမ်းရေးကိစ္စ၊

(ဏ) မော်တော်ယာဉ်သွားလာမှုဆိုင်ရာ စည်းကမ်းထိန်းသိမ်းရေးကိစ္စ၊

(တ) ခြေကျင်လျှောက်သူများ လိုက်နာရန် စည်းကမ်းများကိစ္စ၊

(ထ) စက်ဘီးစီးသူများ လိုက်နာရန် စည်းကမ်းများကိစ္စ၊

(ဒ) အချက်ပြအထိမ်းအမှတ်များနှင့် အချက်ပြကိရိယာများဆိုင်ရာကိစ္စ၊

(ဓ) လမ်းညွှန်၊ လမ်းအမှတ်အသားနှင့် လမ်းအချက်ပြမျှားဆိုင်ရာကိစ္စ၊

(န) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် လက်ယာကပ်မောင်းစနစ်နှင့် ကိုက်ညီသည့် ဘယ်မောင်းယာဉ်များသာ အသုံးပြုရေးကိစ္စ၊

(ပ) မော်တော်ယာဉ်တွင် အသက်ကယ်လေအိတ်များ ပါရှိစေရေးကိစ္စ၊

(ဖ) အသက်ကယ်ထိုင်ခုံခါးပတ် တပ်ဆင်မောင်းနှင်ရေးကိစ္စ၊

(ဗ) ကလေးသူငယ် အန္တရာယ်ကင်းရှင်းရေးထိုင်ခုံ သုံးစွဲရေးကိစ္စ၊

(ဘ) မော်တော်ဆိုင်ကယ်စီးဦးထုပ်ဆောင်း၍ မောင်းနှင်ရေးနှင့် စီးနင်းရေးကိစ္စ၊

(မ) မော်တော်ယာဉ်မောင်းနှင်စဉ် လက်ကိုင်ဖုန်းအသုံးမပြုရေးကိစ္စ၊

(ယ) ဤဥပဒေအရ ပေးဆောင်ရမည့် အခကြေးငွေများနှင့် သက်ဆိုင်သည့်ကိစ္စ၊

(ရ) ဤဥပဒေအရ ပေးဆောင်ရမည့် အခကြေးငွေများမှ ကင်းလွတ်ခွင့်ပေးရေးကိစ္စ၊

(လ) ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ခုခုမှ ကင်းလွတ်ခွင့်ပေးရေးကိစ္စ၊

(ဝ) ဤဥပဒေအရ တင်သွင်းနိုင်သည့် အယူခံအမှုများနှင့်သက်ဆိုင်သောကိစ္စ၊

(သ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံမှ ယာယီထွက်ခွာသွားသော သို့မဟုတ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်း ယာယီရောက်ရှိလာသော မော်တော်ယာဉ်များနှင့်သက်ဆိုင်သည့်ကိစ္စ၊

(ဟ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်း ဖြတ်သန်းသွားလာသော ပြည်ပမော်တော်ယာဉ်များနှင့် သက်ဆိုင်သည့်ကိစ္စ၊

(ဠ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်း ခေတ္တမျှသာနေထိုင်သူတို့ ယူဆောင်လာသည့် မော်တော်ယာဉ်များနှင့် သင့်တင့်ဆီလျော်အောင် ပြုလုပ်ရေးကိစ္စ၊

(အ) အများပြည်သူဆိုင်ရာနေရာတွင် မော်တော်ယာဉ်ကို ငှားရမ်းခြင်း၊ အခနှင့် မောင်းနှင်သွားလာရာ၌ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များနှင့် ပေးဆောင်ရမည့် အခွန်အခများ သတ်မှတ်ရန်ကိစ္စ။

## အခန်း (၁၄)

## အထွေထွေ

၈၀။ ပြည်ထောင်စုအစိုးရသည် အမိန့်ကြော်ငြာစာဖြင့် မည်သည့်မော်တော်ယာဉ် သို့မဟုတ် မော်တော်ယာဉ် အမျိုးအစားကိုမဆို ဤဥပဒေပါ ပြဋ္ဌာန်းချက်အားလုံး သို့မဟုတ် တစ်ခုခု အကျိုးသက်ရောက်စေခြင်းမှ စည်းကမ်းချက်ထား၍ဖြစ်စေ၊ စည်းကမ်းချက်မထားဘဲဖြစ်စေ ကင်းလွတ်ခွင့်ပြုနိုင်သည်။

၈၁။ ဤဥပဒေပါပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသောပြစ်မှုများအဖြစ် သတ်မှတ်သည်။

၈၂။ မော်တော်ယာဉ်မှတ်ပုံတင်သူသည် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်နှင့်စပ်လျဉ်း၍ တာဝန်ရှိသူ ဖြစ်သည်။

၈၃။ ဤဥပဒေမပြဋ္ဌာန်းမီ ထုတ်ပေးထားသည့် မော်တော်ယာဉ်မှတ်ပုံတင်မှတ်တမ်း အထောက်အထားနှင့် သက်သေခံလက်မှတ်၊ မော်တော်ယာဉ်မှတ်ပုံတင်မှတ်တမ်း၊ မော်တော်ယာဉ်စစ်ဆေးချက်သက်သေခံ လက်မှတ်၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်အကူလက်မှတ်များသည် ဤဥပဒေအရ ထုတ်ပေးသော စာတမ်း အမှတ်အသားများ ဖြစ်သည်ဟု မှတ်ယူရမည်။

၈၄။ ၁၉၆၄ ခုနှစ် မော်တော်ယာဉ်ဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ စည်းကမ်းများ၊ အမိန့် ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက် ကျင့်သုံးနိုင်သည်။

၈၅။ ဤဥပဒေပြဋ္ဌာန်းချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာန၊ ဦးစီးဌာနနှင့် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၈၆။ ၁၉၆၄ ခုနှစ်၊ မော်တော်ယာဉ်ဥပဒေကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၁၅)**

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၉ ရက်

( ၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၅ ရက် )

**ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများကို စတုတ္ထအကြိမ် ပြင်ဆင်သည့်နည်းဥပဒေများ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၉၀ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

၁။ ဤနည်းဥပဒေများကို **ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများကို စတုတ္ထအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများ**ဟု ခေါ်တွင်စေရမည်။

၂။ နည်းဥပဒေ ၇ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၇။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင် အဖွဲ့ခွဲသည် -

(က) မဲစာရင်းပြုစုရာတွင် ရွေးကောက်ပွဲစတင်ကျင်းပသည့်နေ့၌ အသက် ၁၈ နှစ်ပြည့်ပြီး ရွေးကောက်ပွဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူတိုင်းကို ထည့်သွင်းပြုစုရမည်။"

၃။ နည်းဥပဒေ ၁၁ (က) တွင်ပါရှိသော "နည်းဥပဒေ ၈ အရ မဲစာရင်းကို ထုတ်ပြန်ကြေညာပြီးသည့်နေ့မှ ခုနစ်ရက်အတွင်း" ဆိုသည့် စကားရပ်ကို "နည်းဥပဒေ ၈ အရ မဲစာရင်းကို ထုတ်ပြန်ကြေညာပြီးသည့်နေ့မှ ၁၄ ရက်အတွင်း" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ နည်းဥပဒေ ၁၁ (င) (၂) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၁။ (င) (၂) အသက် ၁၈ နှစ်ပြည့်ကြောင်း နိုင်ငံသားစိစစ်ရေးကတ်ပြားကိုလည်းကောင်း၊ အမျိုးသားမှတ်ပုံတင်ကတ်ပြားကိုလည်းကောင်း၊ ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရလက်မှတ်ကိုလည်းကောင်း တင်ပြစေခြင်း။"

၅။ နည်းဥပဒေ ၄၄ (က) နှင့် (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၄၄။ ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၄၅ (က)၊ (ခ)၊ (ဂ) နှင့် နည်းဥပဒေ ၅၄ (ဃ)၊ (ဆ) တို့ပါ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများသည် ဤနည်းဥပဒေများနှင့်အညီ အောက်ပါနည်းလမ်းအတိုင်း ကြိုတင် ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်သည် -

(က) ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၅ (ခ)၊ (ဂ) နှင့် နည်းဥပဒေ ၅၄ (ဃ) တို့ပါ ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများသည် ကြိုတင်ဆန္ဒမဲလက်မှတ်၌ ဆန္ဒပြုရာတွင် နည်းဥပဒေ ၄၁ (ခ) ပါအတိုင်း တံဆိပ်တုံးနှိပ်၍ ဆန္ဒပြုရမည်။

(ခ) ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၅ (က) ပါ သက်ဆိုင်ရာ မဲဆန္ဒနယ်ပြင်ပရောက် ပြည်တွင်းရှိ တပ်မတော်သားများ၊ ကျောင်းသားများ၊ သင်တန်းသားများ၊ အချုပ်ခံနေရသူများ၊ ဆေးရုံသို့ တက်ရောက်ကုသနေသူများနှင့် ရွေးကောက်ပွဲ နည်းဥပဒေ ၅၄ (ဆ) ပါ အစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင် ရောက်ရှိနေသော ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများသည် ဤနည်းဥပဒေအရ ကြိုတင်ဆန္ဒမဲပေးရာ၌ လွယ်ကူချောမွေ့စေရန်အတွက် ကြိုတင်ဆန္ဒမဲလက်မှတ်ပေါ်တွင် မိမိမဲပေးလိုသော လွှတ်တော်ကိုယ်စားလှယ်လောင်း၏ အမည်နှင့်သင်္ကေတအမှတ်အသား တည့်တည့်တွင်ရှိသည့် လေးထောင့်ကွက်အတွင်း၌ အမှန် (♠) အမှတ်အသားပါရှိသည့် တံဆိပ်တုံးရိုက်နှိပ်၍ ဆန္ဒပြုမည့်အစား အမှန် (♠) အမှတ်အသား ရေးခြစ်၍ ဆန္ဒပြုရမည်။"

၆။ နည်းဥပဒေတွင်ပါရှိသော "နေပြည်တော်ကော်မရှင်အဖွဲ့ခွဲ" ဆိုသည့် စကားရပ်ကို "ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ နည်းဥပဒေပါ ပုံစံ (၁)၊ ပုံစံ (၁-၁)၊ ပုံစံ (၁-၂) နှင့် ပုံစံ (၁-၃) တို့၏ ရှင်းလင်းချက်အပိုဒ် (၃) တွင် ပါရှိသော "ယာယီသက်သေခံလက်မှတ်အမှတ်" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၈။ နည်းဥပဒေ ပုံစံ (၃) နှင့် ပုံစံ (၃-က) တို့တွင် ပါဝင်သော "ယာယီသက်သေခံ" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

တင်အေး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၁၅)

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၉ ရက်
( ၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၅ ရက် )

## အမျိုးသားလွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများကို စတုတ္ထအကြိမ် ပြင်ဆင်သည့်နည်းဥပဒေများ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၉၀ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

၁။ ဤနည်းဥပဒေများကို **အမျိုးသားလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများကို စတုတ္ထအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများ**ဟု ခေါ်တွင်စေရမည်။

၂။ နည်းဥပဒေ ၇ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၇။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင် အဖွဲ့ခွဲသည် -

(က) မဲစာရင်းပြုစုရာတွင် ရွေးကောက်ပွဲစတင်ကျင်းပသည့်နေ့၌ အသက် ၁၈ နှစ်ပြည့်ပြီး ရွေးကောက်ပွဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူတိုင်းကို ထည့်သွင်းပြုစုရမည်။"

၃။ နည်းဥပဒေ ၁၁ (က) တွင်ပါရှိသော "နည်းဥပဒေ ၈ အရ မဲစာရင်းကို ထုတ်ပြန်ကြေညာပြီးသည့် နေ့မှ ခုနစ်ရက်အတွင်း" ဆိုသည့် စကားရပ်ကို "နည်းဥပဒေ ၈ အရ မဲစာရင်းကို ထုတ်ပြန်ကြေညာပြီးသည့် နေ့မှ ၁၄ ရက်အတွင်း" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ နည်းဥပဒေ ၁၁ (င) (၂) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၁။ (င) (၂) အသက် ၁၈ နှစ်ပြည့်ကြောင်း နိုင်ငံသားစိစစ်ရေးကတ်ပြားကိုလည်းကောင်း၊ အမျိုးသားမှတ်ပုံတင်ကတ်ပြားကိုလည်းကောင်း၊ ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသား ပြုခွင့်ရလက်မှတ်ကိုလည်းကောင်း တင်ပြစေခြင်း။"

၅။ နည်းဥပဒေ ၄၄ (က) နှင့် (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၄၄။ ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၄၅ (က)၊ (ခ)၊ (ဂ) နှင့် နည်းဥပဒေ ၅၄ (ဃ)၊ (ဆ) တို့ပါ ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသူများသည် ဤနည်းဥပဒေများနှင့်အညီ အောက်ပါနည်းလမ်းအတိုင်း ကြိုတင်ဆန္ဒမဲ လက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်သည် -

(က) ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၅ (ခ)၊ (ဂ) နှင့် နည်းဥပဒေ ၅၄ (ဃ) တို့ပါ ကြိုတင်ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသူများသည် ကြိုတင်ဆန္ဒမဲလက်မှတ်၌ ဆန္ဒပြုရာတွင် နည်းဥပဒေ ၄၁ (ခ) ပါ အတိုင်း တံဆိပ်တုံးနှိပ်၍ ဆန္ဒပြုရမည်။

(ခ) ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၅ (က) ပါ သက်ဆိုင်ရာ မဲဆန္ဒနယ်ပြင်ပရောက် ပြည်တွင်းရှိ တပ်မတော်သားများ၊ ကျောင်းသားများ၊ သင်တန်းသားများ၊ အချုပ်ခံနေရသူများ၊ ဆေးရုံသို့ တက်ရောက်ကုသနေသူများနှင့် ရွေးကောက်ပွဲ နည်းဥပဒေ ၅၄ (ဆ) ပါ အစိုးရ၏ခွင့်ပြုချက် ဖြင့် နိုင်ငံပြင်ပတွင် ရောက်ရှိနေသော ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများသည် ဤနည်းဥပဒေ အရ ကြိုတင်ဆန္ဒမဲပေးရာ၌ လွယ်ကူချောမွေ့စေရန်အတွက် ကြိုတင်ဆန္ဒမဲလက်မှတ်ပေါ်တွင် မိမိမဲပေးလိုသော လွှတ်တော်ကိုယ်စားလှယ်လောင်း၏ အမည်နှင့်သင်္ကေတအမှတ်အသား တည့်တည့်တွင်ရှိသည့် လေးထောင့်ကွက်အတွင်း၌ အမှန် (♠) အမှတ်အသားပါရှိသည့် တံဆိပ်တုံးရိုက်နှိပ်၍ ဆန္ဒပြုမည့်အစား အမှန် (♠) အမှတ်အသား ရေးခြစ်၍ ဆန္ဒပြု ရမည်။"

၆။ နည်းဥပဒေတွင်ပါရှိသော "နေပြည်တော်ကော်မရှင်အဖွဲ့ခွဲ" ဆိုသည့် စကားရပ်ကို "ပြည်ထောင်စု နယ်မြေ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ နည်းဥပဒေပါ ပုံစံ (၁)၊ ပုံစံ (၁-၁)၊ ပုံစံ (၁-၂) နှင့် ပုံစံ (၁-၃) တို့၏ ရှင်းလင်းချက်အပိုဒ် (၃) တွင် ပါရှိသော "ယာယီသက်သေခံလက်မှတ်အမှတ်" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၈။ နည်းဥပဒေ ပုံစံ (၃) နှင့် ပုံစံ (၃-က) တို့တွင် ပါဝင်သော "ယာယီသက်သေခံ" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

တင်အေး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၁၅)

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၉ ရက်

( ၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၅ ရက် )

## တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများကို စတုတ္ထအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၉၀ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ အောက်ပါ နည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

၁။ ဤနည်းဥပဒေများကို **တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများကို စတုတ္ထအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများ**ဟု ခေါ်တွင်စေရမည်။

၂။ နည်းဥပဒေ ၇ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၇။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင် အဖွဲ့ခွဲသည် -

(က) မဲစာရင်းပြုစုရာတွင် ရွေးကောက်ပွဲစတင်ကျင်းပသည့်နေ့၌ အသက် ၁၈ နှစ်ပြည့်ပြီး ရွေးကောက်ပွဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူတိုင်းကို ထည့်သွင်းပြုစုရမည်။"

၃။ နည်းဥပဒေ ၁၁ (က) တွင်ပါရှိသော "နည်းဥပဒေ ၈ အရ မဲစာရင်းကို ထုတ်ပြန်ကြေညာပြီးသည့်နေ့မှ ခုနစ်ရက်အတွင်း" ဆိုသည့် စကားရပ်ကို "နည်းဥပဒေ ၈ အရ မဲစာရင်းကို ထုတ်ပြန်ကြေညာပြီးသည့်နေ့မှ ၁၄ ရက်အတွင်း" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ နည်းဥပဒေ ၁၁ (င) (၂) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၁။ (င) (၂) အသက် ၁၈ နှစ်ပြည့်ကြောင်း နိုင်ငံသားစိစစ်ရေးကတ်ပြားကိုလည်းကောင်း၊ အမျိုးသားမှတ်ပုံတင်ကတ်ပြားကိုလည်းကောင်း၊ ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရလက်မှတ်ကိုလည်းကောင်း တင်ပြစေခြင်း။"

၅။ နည်းဥပဒေ ၄၄ (က) နှင့် (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၄၄။ ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၄၅ (က)၊ (ခ)၊ (ဂ) နှင့် နည်းဥပဒေ ၅၄ (ဃ)၊ (ဆ) တို့ပါ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများသည် ဤနည်းဥပဒေများနှင့်အညီ အောက်ပါနည်းလမ်းအတိုင်း ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်သည် -

(က) ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၅ (ခ)၊ (ဂ) နှင့် နည်းဥပဒေ ၅၄ (ဃ) တို့ပါ ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများသည် ကြိုတင်ဆန္ဒမဲလက်မှတ်၌ ဆန္ဒပြုရာတွင် နည်းဥပဒေ ၄၁ (ခ) ပါအတိုင်း တံဆိပ်တုံးနှိပ်၍ ဆန္ဒပြုရမည်။

(ခ) ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၅ (က) ပါ သက်ဆိုင်ရာ မဲဆန္ဒနယ်ပြင်ပရောက် ပြည်တွင်းရှိ တပ်မတော်သားများ၊ ကျောင်းသားများ၊ သင်တန်းသားများ၊ အချုပ်ခံနေရသူများ၊ ဆေးရုံသို့ တက်ရောက်ကုသနေသူများနှင့် ရွေးကောက်ပွဲ နည်းဥပဒေ ၅၄ (ဆ) ပါ အစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင် ရောက်ရှိနေသော ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများသည် ဤနည်းဥပဒေအရ ကြိုတင်ဆန္ဒမဲပေးရာ၌ လွယ်ကူချောမွေ့စေရန်အတွက် ကြိုတင်ဆန္ဒမဲလက်မှတ်ပေါ်တွင် မိမိမဲပေးလိုသော လွှတ်တော်ကိုယ်စားလှယ်လောင်း၏ အမည်နှင့်သင်္ကေတအမှတ်အသား တည့်တည့်တွင်ရှိသည့် လေးထောင့်ကွက်အတွင်း၌ အမှန် (♠) အမှတ်အသားပါရှိသည့်

တံဆိပ်တုံးရိုက်နှိပ်၍ ဆန္ဒပြုမည့်အစား အမှန် (♠) အမှတ်အသား ရေးခြစ်၍ ဆန္ဒပြုရမည်။"

၆။ နည်းဥပဒေတွင်ပါရှိသော "နေပြည်တော်ကော်မရှင်အဖွဲ့ခွဲ" ဆိုသည့် စကားရပ်ကို "ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ နည်းဥပဒေပါ ပုံစံ (၁)၊ ပုံစံ (၁-က)၊ ပုံစံ (၁-ခ)၊ ပုံစံ (၁-၂) နှင့် ပုံစံ (၁-၃) တို့၏ ရှင်းလင်းချက် အပိုဒ် (၃) တွင် ပါရှိသော "ယာယီသက်သေခံလက်မှတ်အမှတ်" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၈။ နည်းဥပဒေ ပုံစံ (၃) နှင့် ပုံစံ (၃-က) တို့တွင် ပါဝင်သော "ယာယီသက်သေခံ" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

တင်အေး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## အမိန့်ကြော်ငြာစာအမှတ် (၆/၂၀၁၅)

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၀ ရက်
( ၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၆ ရက် )

## လွှတ်တော်ရွေးကောက်ပွဲများ စောင့်ကြည့်လေ့လာရာတွင် ပြည်တွင်းစောင့်ကြည့်လေ့လာသူများ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ထုတ်ပြန်ခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲများ ကျင်းပရာတွင် ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ စောင့်ကြည့်လေ့လာနိုင်ရန်အတွက် ဤရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေး လုပ်ငန်းစဉ်များကို ထုတ်ပြန်လိုက်သည်။

## အခန်း (၁)
## အဓိပ္ပာယ်ဖော်ပြချက်

၁။ **ရွေးကောက်ပွဲ**ဆိုသည်မှာ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲကို ဆိုသည်။ ယင်းစကားရပ်တွင် လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၈၉ အရ အထွေထွေရွေးကောက်ပွဲသက်တမ်းကာလတစ်ခုအတွင်း လစ်လပ်၍ ရွေးကောက်တင်မြှောက်သော ကြားဖြတ်ရွေးကောက်ပွဲများလည်း ပါဝင်သည်။

၂။ **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ဆိုသည်။

၃။ **ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ**ဆိုသည်မှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဖွဲ့စည်းထားသော အောက်ပါတို့ကို ဆိုသည် -

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊

(ခ) ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊

(ဂ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊

(ဃ) ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊

(င) မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊

(စ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ။

၄။ **မဲဆန္ဒနယ်**ဆိုသည်မှာ သက်ဆိုင်ရာလွှတ်တော်အသီးသီးအတွက် သတ်မှတ်ထားသော လွှတ်တော်မဲဆန္ဒနယ်ကို ဆိုသည်။

၅။ **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရှိ တိုင်းဒေသကြီးအသီးသီး သို့မဟုတ် ပြည်နယ်အသီးသီးကို ဆိုသည်။

၆။ **မဲစာရင်း**ဆိုသည်မှာ ရွေးကောက်ပွဲကိစ္စအလို့ငှာ သတ်မှတ်ထားသော မဲဆန္ဒနယ်များအတွက် ပြုစုထားသည့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ စာရင်းကို ဆိုသည်။

၇။ **မဲရုံအဖွဲ့**ဆိုသည်မှာ မဲဆန္ဒနယ်တစ်နယ်အတွင်းရှိ မဲရုံတစ်ရုံ၌ ဆန္ဒမဲပေးခြင်းနှင့်စပ်လျဉ်း၍ စုပေါင်းတာဝန်ယူဆောင်ရွက်ရန် သက်ဆိုင်ရာမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက တာဝန်ပေးအပ်ထားသော အဖွဲ့ကို ဆိုသည်။

၈။ **မဲရုံမှူး**ဆိုသည်မှာ မဲရုံအဖွဲ့အား ကြီးကြပ်သောပုဂ္ဂိုလ်ကို ဆိုသည်။

၉။ **ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူ**ဆိုသည်မှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် သို့မဟုတ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအသီးသီးတို့တွင် မှတ်ပုံတင်ထားပြီး အသိအမှတ်ပြုလွှာရရှိထားသော ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူ (မသန်စွမ်းသူများအပါအဝင်) အဖွဲ့အစည်းကို ဆိုသည်။

၁၀။ **ရွေးကောက်ပွဲစောင့်ကြည့်လေ့လာမှု**ဆိုသည်မှာ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များအတွက် လွှတ်တော်ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ရာတွင် အဆင့်တိုင်း၌ တရားဝင်ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာမှုကို ဆိုသည်။

၁၁။ **အသိအမှတ်ပြုလွှာ**ဆိုသည်မှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ထားသော စည်းမျဉ်းများကို လိုက်နာရန် ဝန်ခံထားသည့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများအား ထုတ်ပေးသော အသိအမှတ်ပြုလွှာကို ဆိုသည်။

၁၂။ **သက်သေခံကတ်ပြား**ဆိုသည်မှာ အသိအမှတ်ပြုလွှာ ထုတ်ပေးထားသော ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများအား ရွေးကောက်ပွဲလုပ်ငန်းများ စောင့်ကြည့်လေ့လာနေစဉ်ကာလအတွင်း အထောက်အထားအဖြစ် ထုတ်ပေးသည့် ကတ်ပြားကို ဆိုသည်။

## အခန်း (၂)
## ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ ပြည့်စုံရန် လိုအပ်သည့်သတ်မှတ်ချက်များ

၁၃။ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများသည် အောက်ပါအချက်များနှင့် ပြည့်စုံရမည်-

(က) လူပုဂ္ဂိုလ်စွဲကင်းခြင်း၊ ပါတီစွဲ ကင်းခြင်း၊

(ခ) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် သို့မဟုတ် သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ တစ်ခုခုတွင် မှတ်ပုံတင်ပြီး အသိအမှတ်ပြုခံရခြင်း၊

(ဂ) ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းချက်များတွင် ဖော်ပြထားသည့်အတိုင်း ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးလုပ်ငန်းကို လိုက်နာဆောင်ရွက်ခြင်း။

## အခန်း (၃)
## အသိအမှတ်ပြုရန် လျှောက်ထားခြင်း

၁၄။ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများသည် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးလုပ်ငန်း ဆောင်ရွက်ခွင့်ပြုရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲတို့က ထုတ်ပေးသည့် လျှောက်လွှာ သို့မဟုတ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် website မှ လျှောက်လွှာကို ရယူဖြည့်သွင်း၍ အသိအမှတ်ပြုရန် လျှောက်ထားရမည်။

၁၅။ တရားဝင်အသိအမှတ်ပြုပေးရန် တောင်းခံသည့် လျှောက်လွှာသည် **ပူးတွဲ (က)** ပါအတိုင်း ဖြစ်သည်။

၁၆။ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများသည် လျှောက်လွှာများကို အောက်ဖော်ပြပါအတိုင်း လျှောက်ထားရမည် -

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုထက်ပို၍ စောင့်ကြည့်လေ့လာမှုပြုလိုပါက ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်တွင် လျှောက်ထားရမည်၊

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်တစ်ခုထက်ပို၍ စောင့်ကြည့်လေ့လာမှုပြုလိုပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် လျှောက်ထားရမည်၊

(ဂ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်အတွင်းရှိ မြို့နယ်တစ်မြို့နယ်ထက်ပို၍ စောင့်ကြည့်လေ့လာမှုပြုလိုပါက သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့တွင် လျှောက်ထားရမည်၊

(ဃ) မြို့နယ်တစ်ခုတည်းတွင် စောင့်ကြည့်လေ့လာမှုပြုလိုပါက သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင် လျှောက်ထားရမည်။

၁၇။ အသိအမှတ်ပြုလွှာကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ရွေးကောက်ပွဲကျင်းပမည့် နေ့ရက် ကြေညာပြီးသည့်နေ့မှစ၍ ရွေးကောက်ပွဲမကျင်းပမီ (၁၅) ရက်အထိ လျှောက်ထားနိုင်သည်။

## အခန်း (၄)
## လျှောက်လွှာများ စိစစ်ခြင်း၊ ခွင့်ပြုခြင်း

၁၈။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်သည် မိမိတို့ထံ တင်သွင်းလာသော လျှောက်လွှာများကို အောက်ပါနည်းလမ်းများအတိုင်း စိစစ်ရမည် -

(က) ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများမှ တင်သွင်းလာသော လျှောက်လွှာများကို စာရွက်စာတမ်းများ ပြည့်စုံခြင်း ရှိ/မရှိ လျှောက်လွှာလက်ခံရရှိချိန်မှ စ၍ **၃ ရက်** အတွင်း စိစစ်ရန်၊

(ခ) ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများအား စာရွက်စာတမ်းများ ပြည့်စုံစွာ ဆောင်ရွက်ရန် အတွက် အကြောင်းကြားစာရရှိသည့်နေ့ရက်မှစ၍ **၅ ရက်** အချိန်ပေးရန်။

(ဂ) ပြီးပြည့်စုံသော လျှောက်ထားလွှာများကို စိစစ်ပြီးသည့်နေ့မှစ၍ **၇ ရက်**အတွင်း အကြောင်း ပြန်ကြားရန်။

၁၉။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်သည် လျှောက်ထားချက်ကို ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။ အခန်း (၂) ပါ သတ်မှတ်ချက်များနှင့် ပြည့်စုံသည့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူ အဖွဲ့အစည်းများအား အသိအမှတ်ပြုလွှာ ထုတ်ပေးပြီး သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ အကြောင်းကြားရမည်။ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အသီးသီးသည် မိမိတို့၏အခွင့်အာဏာဖြင့် အသိအမှတ်ပြုလွှာ ထုတ်ပေးခဲ့သည့် ရွေးကောက်ပွဲစောင့်ကြည့် လေ့လာသူများ၏စာရင်းကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ဆောလျင်စွာ တင်ပြရမည်။

## အခန်း (၅)
## အသိအမှတ်ပြုလွှာနှင့် သက်သေခံကတ်ပြားထုတ်ပေးခြင်း

၂၀။ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာခွင့်ရရှိသော အဖွဲ့အစည်းသည် အသိအမှတ်ပြုလွှာကို ခွင့်ပြုသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် သို့မဟုတ် သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲထံမှ ထုတ်ယူ ရမည်။

၂၁။ အသိအမှတ်ပြုလွှာပုံစံသည် **ပူးတွဲ (ခ)** နှင့် **(ခ-၁)** ပါ အတိုင်းဖြစ်သည်။ အသိအမှတ်ပြုလွှာများကို ထုတ်ပေးရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပုံစံ (ခ) ဖြင့်လည်းကောင်း၊ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများသည် ပုံစံ (ခ-၁) ဖြင့်လည်းကောင်း ထုတ်ပေးရမည်။

၂၂။ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူအဖွဲ့အစည်းသည် မိမိတို့၏ စောင့်ကြည့်လေ့လာသူအဖွဲ့ဝင် တစ်ဦးချင်းစီအတွက် သက်သေခံကတ်ပြားများကို အသိအမှတ်ပြုလွှာထုတ်ပေးသည့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် သို့မဟုတ် သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲထံမှ ထုတ်ယူရမည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ အသိအမှတ်ပြုလွှာရရှိသော ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူ အဖွဲ့အစည်းသည် အဖွဲ့ဝင်တစ်ဦးချင်းစီအတွက် သက်သေခံကတ်ပြားများကို ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ များတွင် ထုတ်ယူလိုပါက ထုတ်ယူလိုသည့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၏ အမည်နှင့် ထုတ်ယူလိုသည့် အဖွဲ့ဝင်များ၏ အမည်စာရင်းတို့ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြလျှောက်ထားရမည်။

၂၃။ သက်သေခံကတ်ပြား ထုတ်ယူရာတွင် အဖွဲ့ဝင်တစ်ဦးချင်းစီ၏ ရောင်စုံပတ်စ်ပို့ဓာတ်ပုံ **(၂)** ပုံနှင့် ၎င်းအဖွဲ့ဝင်က ဝန်ခံလက်မှတ်ရေးထိုးထားသော ဝန်ခံကတိပြုလွှာတစ်စောင်တို့ကို တင်ပြပြီး ထုတ်ယူရမည်။

၂၄။ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူ၏ သက်သေခံကတ်ပြားမှာ အဖြူရောင်ဖြစ်ပြီး **ပူးတွဲ (ဂ) နှင့် (ဂ-၁)** ပါအတိုင်း ဖြစ်သည်။ သက်သေခံကတ်ပြားများကို ထုတ်ပေးရာတွင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သည် ပုံစံ (ဂ) ဖြင့်လည်းကောင်း၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် ပုံစံ (ဂ-၁) ဖြင့် လည်းကောင်း ထုတ်ပေးရမည်။

## အခန်း (၆)
## သက်သေခံကတ်ပြားတွင် ပါဝင်ရမည့်အချက်များ

၂၅။ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ၏ သက်သေခံကတ်ပြားတွင် အောက်ပါအချက်အလက် များ ပါဝင်ရမည် -

(က) သက်သေခံကတ်ပြား အမှတ်စဉ်နှင့် ရက်စွဲ၊

(ခ) စောင့်ကြည့်လေ့လာသူအဖွဲ့ဝင် အမည်၊

(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊

(ဃ) အဖွဲ့အစည်းအမည်၊

(င) လေ့လာမည့်ဒေသ၊

(စ) ကုန်ဆုံးမည့်နေ့ရက်၊

(ဆ) စောင့်ကြည့်လေ့လာသူအဖွဲ့ဝင်၏ ရောင်စုံပတ်စ်ပို့ဓာတ်ပုံ (၁) ပုံ။

## အခန်း (၇)
## အသိအမှတ်ပြုလွှာ သက်တမ်း

၂၆။ ရွေးကောက်ပွဲစောင့်ကြည့် လေ့လာသူများသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် သို့မဟုတ် သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့ထံမှ တရားဝင်အသိအမှတ်ပြုလွှာရရှိပြီးချိန်မှ စတင်ပြီး စောင့်ကြည့်လေ့လာရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်သည်။

၂၇။ ရွေးကောက်ပွဲအဆင့်အားလုံးကို စောင့်ကြည့်လေ့လာလိုသည်ဟု လျှောက်ထားပါက ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ၏ အသိအမှတ်ပြုလွှာသက်တမ်းသည် စတင်ထုတ်ပေးသည့်အချိန်မှစ၍ ရွေးကောက်တင်မြှောက်ခံရသည့် ကိုယ်စားလှယ်များ လွှတ်တော်တွင် ကတိသစ္စာပြုပြီးသည့်အချိန်ထိ ဖြစ်သည်။

## အခန်း (၈)
## ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးနယ်မြေ

၂၈။ ရွေးကောက်ပွဲစောင့်ကြည့် လေ့လာသူများသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် သို့မဟုတ် သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတစ်ခုခုထံ အဆိုပြုတင်ပြထားခဲ့သည့် စောင့်ကြည့်လေ့လာရေး အစီအစဉ်ပါ သတ်မှတ်နယ်မြေ၌သာ ဆောင်ရွက်ရမည်။

## အခန်း (၉)
## ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၏ အခွင့်အရေး၊ တာဝန်များနှင့် လိုက်နာရန်ကျင့်ဝတ်များ

၂၉။ အသိအမှတ်ပြုလွှာရရှိသော ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများသည် အောက်ပါ အခွင့်အရေး များရှိသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဥပဒေအကာအကွယ်နှင့် လုံခြုံရေးအကာအကွယ်၊

(ခ) ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို စောင့်ကြည့်လေ့လာခွင့်နှင့် သတင်းအချက်အလက်များ ရယူနိုင်ခွင့်၊

(ဂ) မဲပေးခြင်း၊ မဲရေတွက်ခြင်းနှင့် မဲရလဒ်များ စာရင်းပြုစုခြင်းတို့ကို စောင့်ကြည့်လေ့လာခွင့်၊

(ဃ) မဲရုံအတွင်း ဝင်ရောက်စောင့်ကြည့်လေ့လာခွင့်၊ (မဲရုံမှူးထံ သတင်းပို့ပြီး မဲရုံမှူး၏ တာဝန်အရ ဆောင်ရွက်ခြင်းကို လိုက်နာရမည်။)

(င) မဲရုံအတွင်းမှအပ အခြားနေရာများတွင် ရွေးကောက်ပွဲလုပ်ငန်းစဉ်ကို မှတ်တမ်းတင်ရန်အတွက် ပစ္စည်းကိရိယာများ အသုံးပြုခွင့်၊

(စ) ဥပဒေနှင့်မညီသော ရွေးကောက်ပွဲလုပ်ဆောင်ချက်များအား တွေ့ရှိပါက ကြီးကြပ်ဆောင်ရွက် နေသော ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အသီးသီးထံ အသိပေးအကြောင်းကြားခွင့်။

၃၀။ အသိအမှတ်ပြုလွှာရရှိသော ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများသည် အောက်ပါတာဝန်များ ရှိသည် -

(က) နိုင်ငံတော်၏ အချုပ်အခြာအာဏာကို လေးစားအသိအမှတ်ပြုရန်နှင့် ဥပဒေများ၊ နည်းဥပဒေများကို လိုက်နာရန်၊

(ခ) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအသီးသီးတို့ထံ စောင့်ကြည့်လေ့လာမည့်နယ်မြေအလိုက် သတင်းပို့ရန်၊

(ဂ) စောင့်ကြည့်လေ့လာနေစဉ်တစ်လျှောက်လုံး သက်သေခံကတ်ပြားကို ချိတ်ဆွဲထားရန်၊

(ဃ) ရွေးကောက်ပွဲစီမံခန့်ခွဲသူများ၏ အခန်းကဏ္ဍ၊ ရာထူး၊ တာဝန်နှင့် အခွင့်အာဏာတို့ကို လေးစားရန်၊

(င) ဒေသဓလေ့နှင့် ယဉ်ကျေးမှုကို လေးစားရန်၊

(စ) စောင့်ကြည့်လေ့လာရာတွင် ဘက်လိုက်မှုမရှိဘဲ ဓမ္မဓိဋ္ဌာန်ကျကျ လေ့လာရန်၊

(ဆ) စောင့်ကြည့်လေ့လာရေးအဖွဲ့များက ပေးပို့သော ရွေးကောက်ပွဲဆိုင်ရာသတင်းအချက်အလက်များသည် တိကျသေချာမှုရှိစေရန်၊

(ဇ) ရွေးကောက်ပွဲစောင့်ကြည့်လေ့လာမှု၏ နောက်ဆုံးအစီရင်ခံစာကို အသိအမှတ်ပြုလွှာ ထုတ်ပေးခဲ့သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် သို့မဟုတ် သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့ထံ တင်ပြရန်။

၃၁။ အသိအမှတ်ပြုလွှာရရှိသော ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ထားသော ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၏ ကျင့်ဝတ်များကို လိုက်နာရမည်။

## အခန်း (၁၀)

## စည်းကမ်းဖောက်ဖျက် ကျူးလွန်သူအတွက် အရေးယူမှုများ

၃၂။ အပိုဒ် ၃၀ နှင့် ၃၁ ပါ တာဝန်နှင့်လိုက်နာရန် ကျင့်ဝတ်များကို ချိုးဖောက်ကျူးလွန်သော ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူ (အဖွဲ့အစည်း) သို့မဟုတ် အဖွဲ့ဝင်တစ်ဦးဦးကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် သို့မဟုတ် အသိအမှတ်ပြုလွှာထုတ်ပေးခဲ့သော ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့က ခွင့်ပြုထားသည့် ခွင့်ပြုချက်ကို ပြန်လည်ရုပ်သိမ်းခွင့်ရှိသည်။

၃၃။ တာဝန်နှင့် လိုက်နာရန်ကျင့်ဝတ်များကို ချိုးဖောက်ကျူးလွန်သော စောင့်ကြည့်လေ့လာသူအား တိုင်ကြားလိုပါက တိုင်ကြားသူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာအပြည့်အစုံတို့ကို ဖော်ပြပြီး လက်မှတ်ရေးထိုး၍ သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲထံ ပေးပို့တိုင်ကြားရမည်။

၃၄။ တိုင်ကြားစာကို မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက စစ်ဆေးပြီးနောက် ချိုးဖောက်ကျူးလွန်ကြောင်း တွေ့ရှိလျှင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် သို့မဟုတ် အသိအမှတ်ပြုလွှာ ထုတ်ပေးခဲ့သော ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲထံ အစီရင်ခံရမည်။

၃၅။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် သို့မဟုတ် အသိအမှတ်ပြုလွှာထုတ်ပေးခဲ့သော ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသည် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက တင်ပြလာသည့် အစီရင်ခံစာကို စိစစ်ပြီး မှန်ကန်ကြောင်းတွေ့ရှိပါက အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည် -

(က) အဖွဲ့ဝင်တစ်ဦးက ချိုးဖောက်ကျူးလွန်ခြင်းဖြစ်လျှင်လည်းကောင်း အဖွဲ့ဝင်၏ စောင့်ကြည့်လေ့လာခွင့်ကို ရုပ်သိမ်းရန် ယင်း၏စောင့်ကြည့်လေ့လာသူ (အဖွဲ့အစည်း) ထံ အကြောင်းကြားနိုင်သည်။

(ခ) ယင်းသို့ အကြောင်းကြားခြင်းကို ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူ (အဖွဲ့အစည်း) က လိုက်နာဆောင်ရွက်ခြင်းမရှိလျှင် ယင်းအဖွဲ့အစည်းအား ခွင့်ပြုထားသည့် ခွင့်ပြုချက်ကို ရုပ်သိမ်းနိုင်သည်။

(ဂ) ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူ (အဖွဲ့အစည်း) က ချိုးဖောက်ကျူးလွန်ခြင်းဖြစ်လျှင် ယင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူ (အဖွဲ့အစည်း) အား ခွင့်ပြုထားသည့် ခွင့်ပြုချက်ကို ရုပ်သိမ်းနိုင်သည်။

## အခန်း (၁၁)
## စောင့်ကြည့်လေ့လာနိုင်သည့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များ

၃၆။ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများသည် အောက်ဖော်ပြပါ ရွေးကောက်ပွဲလုပ်ငန်းများအပါအဝင် ရွေးကောက်ပွဲလုပ်ငန်းစဉ် တစ်ခုလုံးကို စောင့်ကြည့်လေ့လာနိုင်သည် -

(က) ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များ၊

(ခ) မဲဆန္ဒနယ်များ သတ်မှတ်ခြင်း၊

(ဂ) မဲဆန္ဒရှင်သတင်းအချက်အလက်နှင့် မဲစာရင်းပြုစုခြင်း၊

(ဃ) လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းခြင်း၊ စိစစ်ခြင်းနှင့် ရုပ်သိမ်းခြင်း၊

(င) ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်း အတည်ပြုကြေညာခြင်း၊

(စ) မဲလက်မှတ်များ ရိုက်နှိပ်ခြင်း၊

(ဆ) မဲဆွယ်စည်းရုံးခွင့်ကာလ၊

(ဇ) မဲဆွယ်စည်းရုံးခြင်း ရပ်နားသည့်ကာလ၊

(ဈ) ကြိုတင်ဆန္ဒမဲပေးခြင်း၊

(ည) မဲပေးခြင်း၊ မဲရေတွက်ခြင်းနှင့် မဲရလဒ်စာရင်းပြုစုခြင်း၊

(ဋ) ပါတီများနှင့် ကိုယ်စားလှယ်လောင်းများ သုံးစွဲသော ရွေးကောက်ပွဲအသုံးစရိတ်များ၊

(ဌ) ရွေးကောက်ပွဲရလဒ်ကြေညာခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းကြေညာခြင်း၊

(ဍ) ရွေးကောက်ပွဲ ကန့်ကွက်လွှာအမှုများ စစ်ဆေးခြင်းနှင့်ဆုံးဖြတ်ခြင်း။

## အခန်း (၁၂)
## အယူခံခြင်း

၃၇။ အခန်း (၅) ပါ လျှောက်လွှာများ စိစစ်ခြင်း၊ ခွင့်ပြုခြင်းနှင့် အခန်း (၁၀) ပါ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူအတွက် အရေးယူမှုများနှင့်စပ်လျဉ်း၍ အောက်ပါတို့တွင် အယူခံဝင်နိုင်သည် -

(က) မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ ဆုံးဖြတ်ချက်ဖြစ်လျှင် သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲထံသို့ အယူခံဝင်ရန်၊

(ခ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ ဆုံးဖြတ်ချက်ဖြစ်လျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲထံသို့ အယူခံဝင်ရန်၊

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ပြည်ထောင်စုနယ်မြေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ ဆုံးဖြတ်ချက်ဖြစ်လျှင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံသို့ အယူခံဝင်ရန်။

၃၈။ ဆုံးဖြတ်ချက်ချမှတ်သည့် နေ့ရက်မှစ၍ (၃) ရက်အတွင်း အယူခံဝင်ရမည်။ အယူခံဝင်ပြီး (၃) ရက်အတွင်း အဆုံးအဖြတ်ပေးရမည်။

၃၉။ လွှတ်တော်အသီးသီး၏ ရွေးကောက်ပွဲဥပဒေများ ပုဒ်မ (၅၃) အရ ကော်မရှင်အဖွဲ့ခွဲအသီးသီး၏ ရွေးကောက်ပွဲဆိုင်ရာဆောင်ရွက်ချက်၊ ဆုံးဖြတ်ချက်များနှင့်စပ်လျဉ်း၍ ကော်မရှင်သည် မိမိ၏ဆန္ဒအလျောက် သက်ဆိုင်ရာအမှုတွဲ၊ စာရွက်စာတမ်းများကို တောင်းယူကြည့်ရှု၍ လိုအပ်သလို အဆုံးအဖြတ်ချမှတ်နိုင်သည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆုံးဖြတ်ချက်နှင့် အယူခံမှုတွင် ချမှတ်သောဆုံးဖြတ်ချက်သည် အပြီးသတ်ဖြစ်သည်။

## အခန်း (၁၃)
## ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအစီရင်ခံစာ

၄၀။ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့ထံ ၎င်းတို့၏ စောင့်ကြည့်လေ့လာရေး နောက်ဆုံးအစီရင်ခံစာကို တင်သွင်းရမည်။

၄၁။ စောင့်ကြည့်လေ့လာရေး နောက်ဆုံးအစီရင်ခံစာကို အချက်အလက်များနှင့် သက်သေအထောက်အထားများကို အခြေခံ၍ တိကျနိုင်သမျှ တိကျစွာရေးသားသင့်သည်။

၄၂။ စောင့်ကြည့်လေ့လာရေး နောက်ဆုံးအစီရင်ခံစာကို လေ့လာမှုပြီးဆုံးသည့်နေ့ရက်မှစ၍ ရက်ပေါင်း (၆၀) အတွင်း အစီရင်ခံရမည်။

တင်အေး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

**ပူးတွဲ (က)**

## ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့၏ တရားဝင်အသိအမှတ်ပြုပေးရန် တောင်းခံသည့်လျှောက်လွှာ

၁။　ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့၏အမည် - ..........................................................

၂။　လိပ်စာ - ..........................................................................................................

၃။　တယ်လီဖုန်း - ...................................................................................................

၄။　တာဝန်ခံပုဂ္ဂိုလ် - .............................................................................................

၅။　ဆက်သွယ်ရမည့် ပုဂ္ဂိုလ် -

(က) အမည် ..........................................................................................

(ခ) ရာထူး ..........................................................................................

(ဂ) လိပ်စာ ..........................................................................................

(ဃ) တယ်လီဖုန်း ........................... အီးမေးလ်လိပ်စာ ..................................

၆။　အဖွဲ့အစည်းဆိုင်ရာအကျဉ်းချုပ်ဖော်ပြချက် ..................................................................

..........................................................................................................................

..........................................................................................................................

..........................................................................................................................

၇။　ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်များနှင့် ညှိနှိုင်း၍ ဆက်သွယ်လုပ်ကိုင်မည့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့ကို ကိုယ်စားပြုခွင့်ရှိသော ပုဂ္ဂိုလ်များ၏ အမည်များနှင့် ဆက်သွယ်ရမည့် အသေးစိတ်အချက်အလက်များ -

| တိုင်းဒေသကြီး/ ပြည်နယ် | အမည် | ရာထူးအမည် | ဆက်သွယ်ရမည့် အသေးစိတ် အချက်အလက်များ (ဖုန်းနံပါတ်၊ အီးမေးလ်လိပ်စာ . . . စသည်ဖြင့်) |
|---|---|---|---|
| | | | |
| | | | |

၈။　ခန့်မှန်းစောင့်ကြည့်လေ့လာသူအရေအတွက် - ..........................................................

၉။　အဆိုပြုတင်သွင်းသည့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူစာရင်းအား နောက်ဆက်တွဲဖြင့် ဖော်ပြအပ်ပါသည်။

၁၀။ အဆိုပြုတင်ပြထားသော ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများသည် မြန်မာနိုင်ငံ၏ ဥပဒေများ၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများအတွက် လိုက်နာရမည့်ကျင့်ဝတ်စည်းကမ်းများနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပြန်ထားသည့် အခြားညွှန်ကြားချက်များကို လိုက်နာမည်ဆိုသည်မှာ မှန်ကန်ပါကြောင်း ကျွန်ုပ်ဝန်ခံပါသည်။

တာဝန်ခံပုဂ္ဂိုလ်

**[ ဆက်လက်ဖော်ပြပါမည်။ ]**

**[ ယခင်အပတ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ အမိန့်ကြော်ငြာစာအမှတ် ၇/၂၀၁၅၊ လွှတ်တော်ရွေးကောက်ပွဲများ စောင့်ကြည့်လေ့လာရာတွင် နိုင်ငံတကာစောင့်ကြည့်လေ့လာသူများ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များထုတ်ပြန်ခြင်းမှအဆက်]**

## အခန်း (၆)
## အသိအမှတ်ပြုလွှာနှင့် သက်သေခံကတ်ပြားထုတ်ပေးခြင်း

၂၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ခွင့်ပြုသည့် နိုင်ငံတကာရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများအား အသိအမှတ်ပြုလွှာ [ပူးတွဲပါပုံစံ (ခ)] နှင့် သက်သေခံကတ်ပြားတို့ကို ထုတ်ပေးရမည်။ အဖွဲ့အစည်းများအနေဖြင့် သက်သေခံကတ်ပြားတို့ကို ထုတ်ယူရာတွင် အဖွဲ့ဝင်တစ်ဦးချင်းစီ၏ ဝန်ခံလက်မှတ်ရေးထိုးထားသည့် ဝန်ခံကတိပြုလွှာကို တင်ပြပြီး ထုတ်ယူရမည်။

၂၃။ နိုင်ငံတကာရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူ သက်သေခံကတ်ပြား၏အောက်ခံမှာ အဝါရောင်ဖြစ်ပြီး ပူးတွဲ (ဂ) ပါ ပုံစံအတိုင်း ဖြစ်သည်။

၂၄။ မြန်မာနိုင်ငံအတွင်းရှိ သံရုံးများ၊ ကောင်စစ်ဝန်ရုံးများမှ လေ့လာလိုသူများ၏ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူ သက်သေခံကတ်ပြား၏အောက်ခံမှာ အစိမ်းရောင်ဖြစ်ပြီး ပူးတွဲ (ဃ) ပါ ပုံစံအတိုင်းဖြစ်သည်။

## အခန်း (၇)
## သက်သေခံကတ်ပြားတွင် ပါဝင်ရမည့်အချက်များ

၂၅။ နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၏ သက်သေခံကတ်ပြားတွင် အောက်ပါအချက်အလက်များ ပါဝင်ရမည် -

(က) သက်သေခံကတ်ပြား အမှတ်စဉ်နှင့်ရက်စွဲ၊

(ခ) စောင့်ကြည့်လေ့လာသူအဖွဲ့ဝင် အမည်၊

(ဂ) နိုင်ငံသားနှင့် နိုင်ငံကူးလက်မှတ်အမှတ်၊

(ဃ) အဖွဲ့အစည်းအမည်၊

(င) ကုန်ဆုံးမည့်နေ့ရက်၊

(စ) စောင့်ကြည့်လေ့လာသူအဖွဲ့ဝင်၏ ရောင်စုံပတ်စ်ပို့ဓာတ်ပုံ **(ဖ၃၀)** ပုံ။

## အခန်း (၈)
## အသိအမှတ်ပြုလွှာသက်တမ်း

၂၆။ နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် သို့မဟုတ် သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့ထံမှ တရားဝင် အသိအမှတ်ပြုလွှာရရှိပြီးချိန်မှ စတင်ပြီး စောင့်ကြည့်လေ့လာရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်သည်။

၂၇။ ရွေးကောက်ပွဲအဆင့်အားလုံးကို စောင့်ကြည့်လေ့လာလိုသည်ဟု လျှောက်ထားပါက ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ၏ အသိအမှတ်ပြုလွှာသက်တမ်းသည် စတင်ထုတ်ပေးသည့်အချိန်မှစ၍ ရွေးကောက်တင်မြှောက်ခံရသည့် ကိုယ်စားလှယ်များ လွှတ်တော်တွင် ကတိသစ္စာပြုပြီးသည့်အချိန်ထိ ဖြစ်သည်။

## အခန်း (၉)
## ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးနယ်မြေ

၂၈။ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံ အဆိုပြုတင်ပြထားခဲ့သည့် စောင့်ကြည့်လေ့လာရေးအစီအစဉ်ပါ သတ်မှတ်နယ်မြေ၌သာ ဆောင်ရွက်ရမည်။

## အခန်း (၁၀)
## ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၏ အခွင့်အရေး၊ တာဝန်များနှင့် လိုက်နာရန်ကျင့်ဝတ်များ

၂၉။ အသိအမှတ်ပြုလွှာရရှိသော နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများသည် အောက်ပါ အခွင့်အရေးများ ရှိသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဥပဒေအကာအကွယ်နှင့် လုံခြုံရေးအကာအကွယ်၊

(ခ) ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို စောင့်ကြည့်လေ့လာခွင့်နှင့် သတင်းအချက်အလက်များ ရယူနိုင်ခွင့်၊

(ဂ) မဲပေးခြင်း၊ မဲရေတွက်ခြင်းနှင့် မဲရလဒ်များ စာရင်းပြုစုခြင်းတို့ကို စောင့်ကြည့်လေ့လာခွင့်၊

(ဃ) မဲရုံအတွင်း ဝင်ရောက်စောင့်ကြည့်လေ့လာခွင့်၊ (မဲရုံမှူးထံ သတင်းပို့ပြီး၊ မဲရုံမှူး၏တာဝန်အရ ဆောင်ရွက်ခြင်းကို လိုက်နာရမည်။)

(င) ရွေးကောက်ပွဲလုပ်ငန်းစဉ်ကို မှတ်တမ်းတင်ရန်အတွက် ပစ္စည်းကိရိယာများ အသုံးပြုခွင့်၊ (မဲရုံ အတွင်းမှအပ)

(စ) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြထားသည့် စောင့်ကြည့်လေ့လာမည့်အစီအစဉ်တွင် ဖော်ပြထားသည့် နေရာဒေသများတွင် နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့၏ အဖွဲ့ဝင်များအတွက် လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့်၊

(ဆ) ဥပဒေနှင့်မညီသော ရွေးကောက်ပွဲလုပ်ဆောင်ချက်များအား တွေ့ရှိပါက ကြီးကြပ်ဆောင်ရွက်နေ သော ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအသီးသီးထံ အသိပေးအကြောင်းကြားခွင့်။

၃၀။ အသိအမှတ်ပြုလွှာရရှိသော ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများသည် အောက်ပါတာဝန်များရှိသည် -

(က) နိုင်ငံတော်၏ အချုပ်အခြာအာဏာကို လေးစားအသိအမှတ်ပြုရန်နှင့် ဥပဒေများ၊ နည်းဥပဒေ များကို လိုက်နာရန်၊

(ခ) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအသီးသီးတို့ထံ စောင့်ကြည့်လေ့လာမည့်နယ်မြေအလိုက် သတင်းပို့ရန်၊

(ဂ) စောင့်ကြည့်လေ့လာနေစဉ်တစ်လျှောက်လုံး သက်သေခံကတ်ပြားကို ချိတ်ဆွဲထားရန်၊

(ဃ) စောင့်ကြည့်လေ့လာမှုကုန်ကျစရိတ်အားလုံးကို ကျခံရန်၊

(င) ရွေးကောက်ပွဲ စီမံခန့်ခွဲသူများ၏ အခန်းကဏ္ဍ၊ ရာထူး၊ တာဝန်နှင့် အခွင့်အာဏာတို့ကို လေးစားရန်၊

(စ) ဒေသဓလေ့နှင့် ယဉ်ကျေးမှုကို လေးစားရန်၊

(ဆ) စောင့်ကြည့်လေ့လာရာတွင် ဘက်လိုက်မှုမရှိဘဲ ပွင့်လင်းမြင်သာစွာဆောင်ရွက်ရန်၊

(ဇ) စောင့်ကြည့်လေ့လာရေးအဖွဲ့များက ပေးပို့သော ရွေးကောက်ပွဲဆိုင်ရာသတင်းအချက်အလက် များသည် တိကျသေချာမှုရှိစေရန်၊

(ဈ) ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာမှု၏ နောက်ဆုံးအစီရင်ခံစာကို အသိအမှတ်ပြုလွှာ ထုတ်ပေး ခဲ့သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် သို့မဟုတ် သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲတို့ထံ တင်ပြရန်။

၃၁။ အသိအမှတ်ပြုလွှာရရှိသော ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများသည် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ထားသော ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ၏ ကျင့်ဝတ်များကို လိုက်နာရမည်။

## အခန်း (၁၁)
## ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူအတွက် အရေးယူမှုများ

၃၂။ အပိုဒ် ၃၂ နှင့် ၃၃ ပါ တာဝန်နှင့်လိုက်နာရန်ကျင့်ဝတ်များကို ချိုးဖောက်ကျူးလွန်သော ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူ (အဖွဲ့အစည်း) သို့မဟုတ် အဖွဲ့ဝင်တစ်ဦးဦးကို ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့က တင်ပြလာလျှင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ခွင့်ပြုချက်ကို ပြန်လည်ရုပ်သိမ်းခွင့်ရှိသည်။

၃၃။ တာဝန်နှင့် လိုက်နာရန်ကျင့်ဝတ်များကို ချိုးဖောက်ကျူးလွန်သော စောင့်ကြည့်လေ့လာသူအား တိုင်ကြားလိုပါက တိုင်ကြားသူ၏အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာအပြည့်အစုံတို့ကို ဖော်ပြပြီး လက်မှတ်ရေးထိုး၍ သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲထံ ပေးပို့တိုင်ကြားရမည်။

၃၄။ တိုင်ကြားစာကို မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက စစ်ဆေးပြီးနောက် ချိုးဖောက်ကျူးလွန်ကြောင်း တွေ့ရှိလျှင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံ အစီရင်ခံရမည်။

၃၅။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက တင်ပြလာသည့် အစီရင်ခံစာကို စိစစ်ပြီး မှန်ကန်ကြောင်းတွေ့ရှိပါက အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည် -

(က) အဖွဲ့ဝင်တစ်ဦးက ချိုးဖောက်ကျူးလွန်ခြင်းဖြစ်လျှင် ၎င်းအဖွဲ့ဝင်၏ စောင့်ကြည့်လေ့လာခွင့်ကို ရုပ်သိမ်းရန် ယင်း၏ စောင့်ကြည့်လေ့လာသူ (အဖွဲ့အစည်း) ထံ အကြောင်းကြားနိုင်သည်။

(ခ) ယင်းသို့ အကြောင်းကြားခြင်းကို ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူ (အဖွဲ့အစည်း) က လိုက်နာဆောင်ရွက်ခြင်းမရှိလျှင် ယင်းအဖွဲ့အစည်းအား ခွင့်ပြုထားသည့်ခွင့်ပြုချက်ကို ရုပ်သိမ်းနိုင်သည်။

(ဂ) ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူအဖွဲ့အစည်းက ချိုးဖောက်ကျူးလွန်ခြင်းဖြစ်လျှင် ယင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူအဖွဲ့အစည်းအား ခွင့်ပြုထားသည့် ခွင့်ပြုချက်ကို ရုပ်သိမ်းနိုင်သည်။

## အခန်း (၁၂)
## စောင့်ကြည့်လေ့လာနိုင်သည့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များ

၃၆။ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများသည် အောက်ဖော်ပြပါ ရွေးကောက်ပွဲလုပ်ငန်းများ အပါအဝင် ရွေးကောက်ပွဲလုပ်ငန်းစဉ်တစ်ခုလုံးကို ဥပဒေနှင့်အညီ စောင့်ကြည့်လေ့လာနိုင်သည် -

(က) ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များ၊
(ခ) မဲဆန္ဒနယ်များသတ်မှတ်ခြင်း၊
(ဂ) မဲဆန္ဒရှင် သတင်းအချက်အလက်နှင့်မဲစာရင်းပြုစုခြင်း၊
(ဃ) လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းခြင်း၊ စိစစ်ခြင်းနှင့် ရုပ်သိမ်းခြင်း၊
(င) ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်း အတည်ပြုကြေညာခြင်း၊
(စ) မဲလက်မှတ်များ ရိုက်နှိပ်ခြင်း၊
(ဆ) မဲဆွယ်စည်းရုံးခွင့်ကာလ၊
(ဇ) မဲဆွယ်စည်းရုံးခြင်း ရပ်နားသည့်ကာလ၊
(ဈ) ကြိုတင်ဆန္ဒမဲပေးခြင်း၊
(ည) မဲပေးခြင်း၊ မဲရေတွက်ခြင်းနှင့် မဲရလဒ်စာရင်း ပြုစုခြင်း၊
(ဋ) ပါတီများနှင့် ကိုယ်စားလှယ်လောင်းများသုံးစွဲသော ရွေးကောက်ပွဲအသုံးစရိတ်များ၊
(ဌ) ရွေးကောက်ပွဲရလဒ်ကြေညာခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းကြေညာခြင်း၊
(ဍ) ရွေးကောက်ပွဲကန့်ကွက်လွှာအမှုများ စစ်ဆေးခြင်းနှင့် ဆုံးဖြတ်ခြင်း။

## အခန်း (၁၃)
## ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအစီရင်ခံစာ

၃၇။ နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများသည် အသိအမှတ်ပြုလွှာ ထုတ်ပေးခဲ့သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံ ၎င်းတို့၏ စောင့်ကြည့်လေ့လာရေး နောက်ဆုံးအစီရင်ခံစာကို တင်သွင်းရမည်။

၃၈။ စောင့်ကြည့်လေ့လာရေး နောက်ဆုံးအစီရင်ခံစာကို လေ့လာမှုပြီးဆုံးသည့်နေ့ရက်မှစ၍ ရက်ပေါင်း (၆၀) အတွင်း အစီရင်ခံရမည်။

၃၉။ စောင့်ကြည့်လေ့လာရေး နောက်ဆုံးအစီရင်ခံစာကို အချက်အလက်များနှင့် သက်သေအထောက်အထားများကို အခြေခံ၍ တိကျနိုင်သမျှ တိကျစွာရေးသားသင့်သည်။

တင်အေး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၄ ရက် ( ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### နိုင်ငံတော်သမ္မတရုံး

**အမိန့်ကြော်ငြာစာအမှတ် ၇/၂၀၁၅**

၁၃၇၆ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်

( ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက် )

၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအရ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့မှ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့အထိ ဆေးလက်မှတ်ခွင့် (၁၁) ရက်ခံစားခဲ့သည့် ဒုတိယညွှန်ကြားရေးမှူး ဦးလင်းအောင်အား ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်နေ့ (နံနက်ပိုင်း) မှစ၍ အလုပ်တာဝန်ဝတ္တရားများကို ပြန်လည်ထမ်းဆောင်စေလိုက်သည်။

ဦးလှထွန်း၊
ညွှန်ကြားရေးမှူးချုပ်၊
နိုင်ငံတော်သမ္မတရုံး။

### အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

**အမိန့်ကြော်ငြာစာ (၅၉ / ၂၀၁၅)**

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၄ ရက်

( ၂၀၁၅ ခုနှစ်၊ ဇွန်လ ၃၀ ရက် )

မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့၊ ဈေးကြိုရပ်ကွက်၊ အကွက်အမှတ်/ အမည် -၉၃/ ဈေးကြိုအရှေ့၊ ဦးပိုင်အမှတ် ၃၂ဃ/၂၊ **မြေဧရိယာ (၀. ၂၅) ဧက** အား **တိပိဋကကမ္ဘောဇဘုန်းတော်ကြီးကျောင်း** မြေအဖြစ်အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံမြေနှင့် အခွန်နည်းဥပဒေ -၃၂ နှင့်အညီ အခွန်လွတ်သာသနာမြေဂရန် ထုတ်ပေးခွင့်ပြုသည်။

ထွန်းလှအောင်၊
ညွှန်ကြားရေးမှူးချုပ်၊
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

# သစ်တောဦးစီးဌာန

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်
( ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက် )

အမှတ် ၁၄၇ ။ ။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနတွင် ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့၌ ကျင်းပပြုလုပ်သည့် စီမံခန့်ခွဲမှုကော်မတီ၏ (၃/၂၀၁၅) ကြိမ်မြောက်အစည်းအဝေး ဆုံးဖြတ်ချက်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်စွဲပါ၊ စာအမှတ်၊ ၁/၁၉၀(ဆ)(၃)/(၁၉၅/၂၀၁၅) တို့အရ သစ်တော ဦးစီးဌာနမှ အောက်ဖော်ပြပါ လက်ထောက်ညွှန်ကြားရေးမှူးများအား အမည်နှင့်ယှဉ်တွဲပါအတိုင်း ပြောင်းရွှေ့ နေရာချထားလိုက်သည် -

| စဉ် | အမည် | မှ | သို့ |
|---|---|---|---|
| ၁ | ဦးကျော်ဇေယျ | လားရှိုးခရိုင်၊ရှမ်းပြည်နယ်(လားရှိုး) | မန္တလေးခရိုင်၊မန္တလေးတိုင်းဒေသကြီး |
| ၂ | ဦးခိုင်ညွန့် | ဦးစီးရုံးချုပ်၊ စစ်ဆေးရေးဌာန | လားရှိုးခရိုင်၊ ရှမ်းပြည်နယ်(လာရှိုး) |
| ၃ | ဦးဆွေသန်း | ညွှန်ကြားရေးမှူးရုံး၊ ရှမ်းပြည်နယ်(တောင်ကြီး) | လင်းခေးခရိုင်၊ ရှမ်းပြည်နယ်(တောင်ကြီး) |
| ၄ | ဦးဌေးလှိုင် | ဘားအံခရိုင်ရုံး၊ ကရင်ပြည်နယ် | ညွှန်ကြားရေးမှူးရုံး၊ရှမ်းပြည်နယ်(တောင်ကြီး) |
| ၅ | ဦးခင်မောင်ကျော် | ဦးစီးရုံးချုပ်၊ ဘဏ္ဍာရေးဌာန (စီမံခန့်ခွဲရေးဌာနတွဲဖက်) | ဦးစီးရုံးချုပ်၊ စီမံခန့်ခွဲရေးဌာန |

(၂၁) ရက်အတွင်း ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရန်ဖြစ်သည်။

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ နယုန်လဆန်း ၂ ရက်
( ၂၀၁၅ ခုနှစ်၊ မေလ ၁၉ ရက် )

အမှတ် ၃၈၀။ ။ သစ်တောဦးစီးဌာန၊ ဦးစီးရုံးချုပ်၏ ၂၀၁၃ ခုနှစ်၊ မေလ ၂၉ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် (၄၁၄) ဖြင့် လက်ထောက်ညွှန်ကြားရေးမှူးရာထူးမှ ဦးစီးအရာရှိရာထူးသို့ ၂၀၁၃ ခုနှစ်၊ မေလ ၁၃ ရက်နေ့ နံနက်ပိုင်းမှစ၍ ရာထူးတစ်ဆင့်လျှော့ချခံခဲ့ရသော သစ်တောဦးစီးဌာန၊ ရှမ်းပြည်နယ်၊ လွိုင်လင်ခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူးရုံးမှ ဦးစီးအရာရှိ ဦးမျိုးခိုင် (ယခင် လက်ထောက်ညွှန်ကြားရေးမှူး၊ ကျောက်ဆည်ခရိုင်၊ မန္တလေးတိုင်းဒေသကြီး) သည် ပြစ်ဒဏ်ကာလ (၂) နှစ်ပြည့်မြောက်၍ ပြစ်ဒဏ်ကာလ အတွင်း ပေးအပ်သောတာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့ပြီး အပြစ်ပေးအရေးယူခံခဲ့ရခြင်းမရှိသဖြင့် ဦးမျိုးခိုင်အား ၂၀၁၅ ခုနှစ်၊ မေလ ၁၃ ရက်နေ့ နံနက်ပိုင်းမှစ၍ မူလလက်ထောက်ညွှန်ကြားရေးမှူးရာထူးသို့ ပြန်လည်တိုးမြှင့် ခန့်ထားလိုက်သည်။

ဒေါက်တာညီညီကျော်၊
ညွှန်ကြားရေးမှူးချုပ်၊
သစ်တောဦးစီးဌာန။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

| ရန်ကုန်မြို့ | { ၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၄ ရက်<br>( ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက် ) } | **သောကြာနေ့** |
|---|---|---|

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

**ဂိုး(လ်)ဒင်းထရိုင်ဂယ်စတားထုတ်ကုန်နှင့် သွင်းကုန်ကုမ္ပဏီလီမိတက်**

**(Golden Triangle Star Export & Import Company Limited)**

**မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေ ပုဒ်မ-၂၀၆ (၁) အရ**

**ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းကြောင်း ကြေညာခြင်း**

သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးဆုံးဖြတ်ချက်အရ **ဂိုး(လ်)ဒင်းထရိုင်ဂယ်စတားထုတ်ကုန်နှင့်သွင်းကုန် ကုမ္ပဏီလီမိတက်** အား (၁၁-၈-၂၀၁၅) နေ့မှစတင်၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။

ဒေါ်ခင်စောယု (B.Com Q, C.P.A) အမှတ်- (၄၉/၅၁)၊ (၇-လွှာ)၊ ၂-လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအား တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှရရန်နှင့် ပေးရန်ရှိသည်များကို (၁၁-၉-၂၀၁၅) ရက်နေ့ထက်နောက်မကျစေဘဲ ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ အထောက်အထားခိုင်လုံစွာဖြင့် တင်ပြနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ထွန်းထွန်း(ခ)စိုင်းဆမ်<br>မန်နေးဂျင်းဒါရိုက်တာ<br>ဂိုး(လ်)ဒင်းထရိုင်ဂယ်စတားထုတ်ကုန်နှင့်သွင်းကုန်<br>ကုမ္ပဏီလီမိတက်၏ဒါရိုက်တာအဖွဲ့ (ကိုယ်စား)

ခင်စောယု<br>B.Com Q, C.P.A<br>စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## EASTERN RESOURCE COMPANY LIMITED

ဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍ နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ၊ ၂၀၈ - င အရ၊ ဖျက်သိမ်းဆဲ **EASTERN RESOURCE COMPANY LIMITED** ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပမည် ဖြစ်ပါ၍ အစုရှင်များ၏ သဘောတူညီချက်ကိုရရှိရန် ရှိသဖြင့် အစုရှင်အားလုံးတက်ရောက်ကြရန် ဖိတ်ကြား အပ်ပါသည်။

| | | |
|---|---|---|
| အစည်းအဝေးကျင်းပမည့်နေ့ | - | ၁၄-၉-၂၀၁၅ |
| အစည်းအဝေးကျင်းပမည့်အချိန် | - | (၉း၀၀) နာရီ၊ |
| အစည်းအဝေးကျင်းပမည့်နေရာ | - | အမှတ် - ၁၄၁/၁၄၅၊ ၄ - လွှာ၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ |

ဒေါ်အေးသီတာ

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## SHWE SANDAR (E&P) COMPANY LIMITED

ဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍ နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေပုဒ်မ၊ ၂၀၈ - င အရ၊ ဖျက်သိမ်းဆဲ **SHWE SANDAR (E & P) COMPANY LIMITED** ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပမည် ဖြစ်ပါ၍ အစုရှင်များ၏ သဘောတူညီချက်ကိုရရှိရန် ရှိသဖြင့် အစုရှင်အားလုံးတက်ရောက်ကြရန် ဖိတ်ကြား အပ်ပါသည်။

| | | |
|---|---|---|
| အစည်းအဝေးကျင်းပမည့်နေ့ | - | ၁၄-၉-၂၀၁၅ |
| အစည်းအဝေးကျင်းပမည့်အချိန် | - | (၁၀း၀၀) နာရီ၊ |
| အစည်းအဝေးကျင်းပမည့်နေရာ | - | အမှတ် - ၁၄၁/၁၄၅၊ ၄ - လွှာ၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ |

ဒေါ်အေးသီတာ

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**ဆီယမ် အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်**
**(SIAM INTERNATIONAL CO., LTD.)**
**အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း**

၂၀၁၅ ခုနှစ်၊ ဇူလိုင်လ (၂၄) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သောအဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **ဆီယမ် အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက် (SIAM INTERNATIONAL CO., LTD.)** အား (၂၄-၇-၂၀၁၅) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးအီနုစ် (တရားလွှတ်တော်ရှေ့နေ) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း၊ ဒေါ်မိုးမိုးအေး (B. Com, Dip I.F.R, Diploma in Business Law) အား တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် လည်းကောင်း ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ (၂၄) ရက်နေ့ကိုနောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်သန်းမြင့်(ခ)သန်းသန်းဇော်
Managing Director
Siam International Co., Ltd.

ဦးအီနုစ် (တရားလွှတ်တော်ရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
YE NOOS & ASSOCIATES (Law Firm)
အမှတ်-၁၇၆ (ပထမထပ်)၊ ဗိုလ်တထောင်ဘုရားလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၆၁၃၂၊ ၃၉၇၂၃၄၊ ၃၉၇၂၃၅။

**Myanmar Chemical Engineers Group (1) Trading Co., Ltd.**
**မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေ ပုဒ်မ-၂၀၈ (င) အရ**
**ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းမည်ဖြစ်ကြောင်း ကြေညာချက်**

၁။ အထက်ဖော်ပြပါ ကုမ္ပဏီလီမိတက်အစုရှင်များ၏ အပြီးသတ်နှင့် နောက်ဆုံးအစည်းအဝေးအား ၁၄-၉-၂၀၁၅ ရက်နေ့ နံနက် ၁၀:၀၀ နာရီတွင် ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ အမှတ် (၁) စက်မှုဇုန်၊ ကနောင်မင်းသားကြီးလမ်း၊ အမှတ် (၁၁၅) တွင်ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ ယင်းအစည်းအဝေးတွင် ကုမ္ပဏီလီမိတက်၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ဦးခင်ဝင်း (ဥပဒေအကျိုးဆောင် စဥ်-၂၆၅၇) က ကုမ္ပဏီလီမိတက်၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအခြေအနေများကို တင်ပြကာ ကုမ္ပဏီအား အပြီးသတ် စာရင်းရှင်းလင်းဖျက်သိမ်းမည် ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ အစုရှင်များအားလုံး မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ဦးခင်ဝင်း
B.A, H.G.P., R.L., D.B.L, D.I.L, D.M.L
P.G.D.I.T (New Delhi). D.Jap, M.P.A, M.A (B:L)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

(ရုံး) အမှတ် ၂၄၄(ပထမထပ်) ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၃၇၄၄၁၉
(အိမ်) ၄၊ ပိတောက်လမ်း၊ (၆) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ဖုန်း ၂၉၈၃၇၈၊ ၀၉၅၀၀၈၅၈၃

**နမူနာစံပြ ကျန်းမာရေးစောင့်ရှောက်မှု ကုမ္ပဏီလီမိတက်**

**(TYPICAL HEALTHCARE CO., LTD.) အား**

**(အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)**

**နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း**

**နမူနာစံပြ ကျန်းမာရေးစောင့်ရှောက်မှုကုမ္ပဏီလီမိတက် (TYPICAL HEALTHCARE COMPANY LIMITED.)** ၏ နောက်ဆုံးအစည်းအဝေးကို ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ (၁၄) ရက်နေ့၊ နံနက် (၁၀း၀၀) နာရီအချိန်တွင် ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်တထောင်ဘုရားလမ်း၊ အမှတ်-(၁၇၆) (ပထမထပ်)တွင် ကျင်းပပြုလုပ်မည်ဖြစ်၍ အဖွဲ့ဝင်များအားလုံးတက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

ဦးအီနုစ် (တရားလွှတ်တော်ရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
YE NOOS & ASSOCIATES (Law Firm)

**နမူနာစံပြ ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်**

**(TYPICAL TRADING CO., LTD.) အား**

**(အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)**

**နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း**

**နမူနာစံပြ ရောင်းဝယ်ရေးကုမ္ပဏီလီမိတက် (TYPICAL TRADING COMPANY LIMITED.)** ၏ နောက်ဆုံးအစည်းအဝေးကို ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ (၁၄) ရက်နေ့၊ နံနက် (၁၁း၀၀) နာရီအချိန်တွင် ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်တထောင်ဘုရားလမ်း၊ အမှတ်-(၁၇၆) (ပထမထပ်)တွင် ကျင်းပပြုလုပ် မည်ဖြစ်၍ အဖွဲ့ဝင်များအားလုံးတက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

ဦးအီနုစ် (တရားလွှတ်တော်ရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
YE NOOS & ASSOCIATES (Law Firm)

**နမူနာစံပြ သတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက်**

**(TYPICAL MINING CO., LTD.) အား**

**(အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)**

**နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း**

**နမူနာစံပြ သတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက် (TYPICAL MINING COMPANY LIMITED.)** ၏ နောက်ဆုံးအစည်းအဝေးကို ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ (၁၄) ရက်နေ့၊ နံနက် (၁၁း၀၀) နာရီအချိန်တွင် ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်တထောင်ဘုရားလမ်း၊ အမှတ်-(၁၇၆) (ပထမထပ်)တွင် ကျင်းပပြုလုပ် မည်ဖြစ်၍ အဖွဲ့ဝင်များအားလုံးတက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

ဦးအီနုစ် (တရားလွှတ်တော်ရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
YE NOOS & ASSOCIATES (Law Firm)

**နမူနာစံပြ ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်**

**(TYPICAL CONSTRUCTION CO., LTD.) အား**

**(အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)**

**နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း**

**နမူနာစံပြ ဆောက်လုပ်ရေးကုမ္ပဏီလီမိတက် (TYPICAL CONSTRUCTION COMPANY LIMITED.)** ၏ နောက်ဆုံးအစည်းအဝေးကို ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ (၁၄) ရက်နေ့၊ နံနက် (၁၂း၀၀) နာရီအချိန်တွင် ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်တထောင်ဘုရားလမ်း၊ အမှတ်-(၁၇၆) (ပထမထပ်)တွင် ကျင်းပပြုလုပ်မည်ဖြစ်၍ အဖွဲ့ဝင်များအားလုံးတက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

ဦးအီနုစ် (တရားလွှတ်တော်ရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
YE NOOS & ASSOCIATES (Law Firm)

## Blue Fin Company Limited

## မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေ ပုဒ်မ-၂၀၈ (င) အရ

## ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းမည်ဖြစ်ကြောင်း ကြေညာချက်

၁။ အထက်ဖော်ပြပါ ကုမ္ပဏီလီမိတက်အစုရှင်များ၏ အပြီးသတ်နှင့် နောက်ဆုံးအစည်းအဝေးအား ၁၄-၉-၂၀၁၅ ရက်နေ့ နံနက် ၁၁း၀၀ နာရီတွင် ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ၃၉ လမ်း၊ အမှတ် (၂၄)၊ ပထမထပ် တွင်ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ ယင်းအစည်းအဝေးတွင် ကုမ္ပဏီလီမိတက်၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ဦးခင်ဝင်း (ဥပဒေအကျိုးဆောင် စဉ်-၂၆၅၇) က ကုမ္ပဏီလီမိတက်၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအခြေအနေများကို တင်ပြကာ ကုမ္ပဏီအား အပြီးသတ် စာရင်းရှင်းလင်းဖျက်သိမ်းမည် ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ အစုရှင်များအားလုံး မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ဦးခင်ဝင်း<br>
B.A, H.G.P., R.L., D.B.L, D.I.L, D.M.L<br>
P.G.D.I.T (New Delhi). D.Jap, M.P.A, M.A (B:L)<br>
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

(ရုံး) အမှတ် ၂၄၄(ပထမထပ်) ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၃၇၄၄၁၉<br>
(အိမ်) ၄၊ ပိတောက်လမ်း၊ (၆) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ဖုန်း ၂၉၈၃၇၈၊ ၀၉၅၀၀၈၅၈၃

## MYANMAR ACE TECHNOLOGY HOLDING PUBLIC COMPANY LIMITED၏

## အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် ဖျက်သိမ်းရန်ကြေညာချက်

၁။ **MYANMAR ACE TECHNOLOGY HOLDING PUBLIC COMPANY LIMITED** ကို အစုရှင်များ၏ဆန္ဒအရအလိုအလျောက်ဖျက်သိမ်းရန် ၁၁. ၈. ၂၀၁၅ နေ့က ကုမ္ပဏီရုံးတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေ အစည်းအဝေးမှ အထူး ဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အမှတ် (၅၂)၊ အိုးဘိုလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးမြိုင် [၁၂/ကမတ (နိုင်) ၀၁၈၈၆၇] အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီမှပေးရန်နှင့် ရရန်ရှိသည်များကို တစ်လအတွင်း ဦးမြိုင် [B.Com(AA),C.P.A] ထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဒေါ်ဖြူဖြူထွန်း<br>
မန်နေးဂျင်းဒါရိုက်တာ<br>
မြန်မာအေစီအီးတက်(ခ်)လော်ဂျီဟိုး(လ်)ဒင်းပတ်ပလစ်<br>
ကုမ္ပဏီလီမိတက်

ဦးမြိုင်<br>
[B.Com(AA),C.P.A]<br>
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ<br>
ဖုန်း-၅၁၃၅၆၁

ပ၊ စ၊ လ - အမှတ် ၆၇၀/၁၄/ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း/စောင်ရေ - ၂၂၀၀/၁၄-၈-၂၀၁၅။